# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဦးတန်ခူးလကွယ်နေ့၊ ၂၀၀၆ ခုနှစ်၊ ဧပြီ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၅)၊ အမှတ်(၂၀၅)


| နိုင်ငံရေးဦးတည်ချက်(၄)ရပ် | စီးပွားရေးဦးတည်ချက်(၄)ရပ် | လူမှုရေးဦးတည်ချက်(၄)ရပ် |
|---|---|---|
| * နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး<br>* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး<br>* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး |



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ်ဥက္ကဋ္ဌ H.H.Mr. Vyacheslav M. Lebedev အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

ရန်ကုန် ဧပြီ ၂၅

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးအလည်အပတ်ခရီး ရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ်ဥက္ကဋ္ဌ H.H. Mr. Vyacheslav M. Lebedev ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**



### တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ကျော်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ်ဥက္ကဋ္ဌ H.H. Mr. Vyacheslav M. Lebedev ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Oleg V. Kabanov လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ်ဥက္ကဋ္ဌ** H.H.Mr. Vyacheslav M. Lebedev **အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

**မြန်မာ့အလင်း**

ဆောင်းပါး၊ အင်တာနက် သတင်း နှင့် ဓာတ်ပုံအညွှန်း

❑ အနမတဂ္ဂ ရှည်လျားလှသော သံသရာတွင် ဆွေမျိုးမတော်ခဲ့သူဟူ၍ မည်သူမျှ မရှိပါ။ ထိုသို့ဆိုသော် ဘိုးဘွားများကို ပြုစုခြင်းသည် ကျေးဇူးရှင် မိဘများကို ကျေးဇူးဆပ်နေခြင်းသာဖြစ်ပါသည်။ ထို့ကြောင့် ရိပ်သာဘိုးဘွား သဒ္ဓါအားဖြင့် ဆောက်လုပ်လှူဒါန်းရခြင်းသည် ထူးကဲမွန်မြတ်လှသော ထာဝရ အလှူဖြစ်နေ။


စိုင်းသိန်း(ကျိုင်းတုံ) ၏ ဆောင်းပါး (စာ-၁၀)




အင်တာနက်ကို ဆက်သွယ်ရာတွင် မိုဘိုင်းဖုန်းများက ပီစီများကို အမီလိုက်နေ။


အင်တာနက်သတင်းနှင့် ဓာတ်ပုံ (စာ-၆)


**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

# မြန်မာနိုင်ငံ၏ အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်မှု နိုင်ငံတကာက သိရှိအောင် ရေးသားထုတ်လွှင့်ပြသ

မျက်မှောက်ကာလတွင် သိပ္ပံနှင့်နည်းပညာရပ်များသည် အရှိန်အဟုန်ဖြင့် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေသဖြင့် ယနေ့ခေတ်ကို နည်းပညာခေတ်ဟု တင်စားခေါ်ဝေါ်နေကြသည့်အချိန်ဖြစ်သည်။

နည်းပညာ ဖွံ့ဖြိုးတိုးတက်နေသည့် ကမ္ဘာ့နိုင်ငံကြီးအချို့သည် စစ်ရေး၊ စီးပွားရေးနှင့် နည်းပညာသာလွန်မှုများဖြင့် အပေါ်စီးယူပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ဗိုလ်ကျစိုးမိုးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်းများ ပြုလုပ်နေသကဲ့သို့ မီဒီယာလမ်းကြောင်းမှလည်း ၎င်းတို့၏ အရှိန်အဝါ ဩဇာလွှမ်းမိုးမှုရရှိစေရန် ဆောင်ရွက်လျက်ရှိကြသည်။

ပြည်ပနိုင်ငံကြီးအချို့သည် မြန်မာနိုင်ငံ၏ တိုးတက်ဖြစ်ပေါ် ပြောင်းလဲမှုများကို မျက်ကွယ်ပြုပြီး မြန်မာနိုင်ငံအပေါ် အခြားကမ္ဘာ့နိုင်ငံများက အထင်အမြင်လွဲမှားစေရန် မီဒီယာကို လက်နက်သဖွယ် အသုံးပြု နေသကဲ့သို့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲစေရန်၊ ပြည်ထောင်စုစိတ်ဓာတ်ပြိုကွဲစေရန်၊ နိုင်ငံတော် အေးချမ်းတည်ငြိမ်မှုမရှိစေရန် မဟုတ်မမှန်ကောလာဟလ သတင်းများကို လုပ်ကြံထုတ်လွှင့်နေကြသည်။

မြဝတီရုပ်မြင်သံကြား ဇကာဒသမ နှစ်ပတ်လည်နေ့ ထူးချွန်ဝန်ထမ်းဆုနှင့် မြဝတီစာပေတိုက် မြဝတီ၊ ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံးစာမူဆု၊ မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဧပြီလ ၂၃ရက်နေ့ ညနေပိုင်းက မြဝတီရုပ်မြင်သံကြား၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင်-

**"ဤကဲ့သို့ နိုင်ငံကြီးအချို့က မမှန်မကန်တဲ့ သတင်းအချက်အလက်တွေကို လိမ်ညာထုတ်လွှင့်ပြီး နိုင်ငံတော်ကြီး ပြိုကွဲပျက်စီးအောင် လုပ်ဆောင်နေတဲ့အချိန်မှာ မိမိတို့မြန်မာနိုင်ငံရဲ့ ပကတိအေးချမ်းသာယာမှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှု၊ တပ်မတော်၊ ပြည်သူနဲ့အစိုးရတို့ တစ်စိတ်တစ်ဝမ်းတည်း ရှိနေမှုတွေကို ပြန်လည်ထုတ်လွှင့်ပြသရေးသားပြီး ပြည်သူတစ်ရပ်လုံးကို အမှန်အတိုင်း သိရှိစေဖို့အတွက် လုပ်ဆောင်နိုင်တာကတော့ မီဒီယာဟုခေါ်သည့် လူထုဆက်သွယ်ရေးလုပ်ငန်းပဲ ဖြစ်ကြောင်း"**

ပြောကြားသွားသည်။

ပြည်ပနိုင်ငံကြီးအချို့သည် မြန်မာနိုင်ငံ မတည်မငြိမ်ဖြစ်စေရန်နှောင့်ယှက်ရုံသာမက ၎င်းတို့၏ အတွေးအခေါ်၊ အယူအဆများနှင့် ယဉ်ကျေးမှုစနစ်များကို သွတ်သွင်းပြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် စရိုက်လက္ခဏာများ ပျက်သုဉ်းသွားစေရန် လုပ်ဆောင်နေကြသည်ကိုလည်း တွေ့မြင်နေရသည်။

ထို့အတူ ပြည်တွင်းပြည်ပအဖျက်သမားများကို အားပေးကူညီပြီး မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို ရပ်တန့်ပျက်စီးသွားစေရန် လုပ်ဆောင်နေကြသည်ကိုလည်း တွေ့ရသည်။

မီဒီယာများတွင် ရုပ်မြင်သံကြားနှင့် စာနယ်ဇင်းသည် ပြည်သူလူထုအတွင်း သတင်းပြန်ကြားမှုနှင့် ပညာပေးမှု၌ အထိရောက်ဆုံးဆောင်ရွက်နိုင်သည့် လူထုဆက်သွယ်ရေးလုပ်ငန်းဖြစ်သည်။

မြဝတီရုပ်မြင်သံကြားသည် လူထုဆက်သွယ်ရေးလုပ်ငန်းတွင် အရေးပါသည့် အခန်းကဏ္ဍက ပါဝင်နေပြီး ပြည်သူတစ်ရပ်လုံးကို စိတ်ချမ်းသာပျော်ရွှင်စေရန်နှင့် မှန်ကန်သည့် သတင်းအချက်အလက်များကို အချိန်မီသိရှိစေရန်အတွက် ဖျော်ဖြေပေးရန်၊ ပညာပေးရန်နှင့် ပြန်ကြားပေးရန်ဟူသည့် တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်လာခဲ့သည်မှာ (၁၁)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

စာပေအနုပညာသည် မြန်မာ့ယဉ်ကျေးမှုနယ်ပယ်၌ ဩဇာအရှိန်အဝါ ကြီးမားသည်ဖြစ်ရာ စာပေအနုပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်က အထူးအလေးပေးဆောင်ရွက်လျက်ရှိသည်။

သက်တမ်း ၅၃နှစ်ကျော်ခဲ့ပြီဖြစ်သော မြဝတီစာပေတိုက်သည် နိုင်ငံတော်နှင့် ပြည်သူလူထုအတွင်း အရည်အသွေးတောက်ပြောင်သည့် ပညာရှင်များကို စာပေနှင့်ဓာတ်ပုံဆိုင်ရာဆုများ နှစ်စဉ်ချီးမြှင့်ပေးအပ်နေသည်။ မြဝတီနှင့် ငွေတာရီမဂ္ဂဇင်း နှစ်စောင်စလုံးသည် မြန်မာစာပေလောက၌ သိက္ခာရှိသည့် တန်ဖိုးရှိ မဂ္ဂဇင်းနှစ်စောင်ဖြစ်ပြီး ဝါရင့်စာပေပညာရှင်များကို မွေးထုတ်ပေးနိုင်ခဲ့သည့် အစဉ်အလာကြီးမားသော မဂ္ဂဇင်းကြီးများ ဖြစ်သည်။

သို့ဖြစ်ရာ မြဝတီရုပ်မြင်သံကြားနှင့် မြဝတီစာပေတိုက်တို့သည် မြန်မာနိုင်ငံ၏ ပကတိအေးချမ်းသာယာမှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတော်၊ပြည်သူနှင့် တပ်မတော်တို့ တစ်စိတ်တစ်ဝမ်းတည်းရှိနေမှုတို့ကို နိုင်ငံတကာကသိရှိအောင် ရေးသားထုတ်လွှင့်ပြသပြီး နိုင်ငံတော်နှင့်ပြည်သူလူထုအကျိုးကို သယ်ပိုးရင်း ထက်မြက်မြင့်မားသည့် မီဒီယာလုပ်ငန်းများဖြစ်အောင် ဆက်လက် ကြိုးပမ်းစွမ်းဆောင်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ငဝန်တံတား(မြို့ကွင်း)တည်ဆောက်မှုစစ်ဆေး ဘိုးပိုင်စက်များဖြင့် တစ်ပြိုင်တည်းဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဧပြီ ၂၅

**ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၂၃ရက်နံနက်က ရန်ကုန်မြို့မှ ရန်ကုန်-ပုသိမ်လမ်း၊ ကြိမ်ပင်ဆည်-စက္ကော-ခနေဖြူ-ဇလွန်-ဟင်္သာတ-မြို့ကွင်းလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ လမ်းတစ်လျှောက် လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကိုစစ်ဆေး၍ ငဝန်တံတား(မြို့ကွင်း)တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းသို့ ရောက်ရှိကြသည်။**

### စီမံချက်ရေးဆွဲ

စီမံကိန်းရှင်းလင်းဆောင်၌ တံတားဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့ (၄)တာဝန်ခံဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအွန်ဇပါကတံတားလုပ်ငန်း ရေလယ်ဘိုးပိုင်အုတ်မြစ်တူး၍ ကွန်ကရစ်လောင်းခြင်းလုပ်ငန်းအခြေအနေ၊ လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များ ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ရေလယ်ဘိုးပိုင်အုတ်မြစ်တူးခြင်းလုပ်ငန်းအားလုံး မိုးမကျမီပြီးစီးအောင် စီမံချက်ရေးဆွဲ၍ ကမ်းနှစ်ဖက်မှရေလယ်သို့ ဘိုးပိုင်စက်နှစ်လုံးဖြင့် တစ်ပြိုင်တည်းဆောင်ရွက်ရန်၊ ပိုင်တိုင်ထိပ်အုပ်နှင့် တိုင်ကို ရေလွတ်သည့်အဆင့်ရောက်အောင် အချိန်ပြည့်ကြီးကြပ် ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် တံတားလုပ်ငန်းခွင်ဟင်္သာတဘက်ကမ်း ရေလယ်တိုင်အမှတ်(၃)နှင့် တိုင်အမှတ်(၅)တို့၌ ဘိုးပိုင်စက်များဖြင့် တွင်းတူးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ငဝန်တံတား(မြို့ကွင်း)၏ ပင်မတံတားမှာ သံမဏိသံပေါင် ၄၃၅ပေ၊ ကြိုတင်အားဖြည့်ကွန်ကရစ်ရက်မနှင့် ပေ၆၀၀ရှိ၍ ချဉ်းကပ်တံတား ဟင်္သာတဘက်ကမ်း ပေ ၉၆၀၊ အင်္ဂပူဘက်ကမ်း ပေ၈၄၀ စုစုပေါင်းတံတားအရှည် ၂၈၃၅ ပေရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၈ပေ၊ လူသွားလမ်း အကျယ်တစ်ဖက်လျှင် သုံးပေစီနှင့် နှစ်ဖက်ပါရှိ၍ ခွင့်ပြုယာဉ်အလေးချိန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်သည်။

### ဆက်လက်ဆောင်ရွက်

ယခုအခါ ငဝန်တံတား(မြို့ကွင်း) ၏ ဘိုးပိုင်တူးခြင်းလုပ်ငန်းတွင် တံတားတိုင်၄၀ရှိသည့်အနက် ၁၄တိုင်မှာ ဘိုးပိုင်တူးပြီး၍ ဟင်္သာတဘက်ကမ်း ချဉ်းကပ်တံတားငါးတိုင်မှာ ဆောင်ရွက်ပြီးဖြစ်ကာ ကျန်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ယမန်နေ့နံနက်က ငဝန်တံတား (မြို့ကွင်း)စီမံကိန်းမှ မြို့ကွင်း-ဟင်္သာတလမ်းအတိုင်း မော်တော်ယာဉ်များဖြင့်ထွက်ခွာခဲ့ပြီး လမ်းအထူးအဖွဲ့(၂)နှင့် ဟင်္သာတခရိုင်ဆောက်လုပ်ရေးမှ လုပ်ငန်းဆောင်ရွက်ထားမှုကိုစစ်ဆေးကာ ဟင်္သာတမြို့ ခရိုင်အင်ဂျင်နီယာမှူးရုံးသို့ ရောက်ရှိကြသည်။

ဟင်္သာတခရိုင် ရုံးရိပ်သာ၌ ဟင်္သာတခရိုင် အင်ဂျင်နီယာမှူး ဦးထွန်းနှင့် လေယာဉ်ကွင်းအထူးအဖွဲ့(၂)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်လှိုင်တို့က ဟင်္သာတ-ဇလွန်လမ်းတွင် တာဝန်ယူဆောင်ရွက်လျက် ရှိသော ဟင်္သာတ-ဇလွန်လမ်း အဆင့်တိုးမြှင့်ဆောင်ရွက်နေမှု အခြေအနေ၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်တို့ကိုလည်းကောင်း၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၄) တာဝန်ခံအင်ဂျင်နီယာ ဦးဦးဟန် က ကြိမ်ပင်ဆည်-စက္ကော-ခနေဖြူ- ဇလွန်လမ်းအပိုင်း အခြေအနေနှင့် ကတ္တရာလမ်း ဆောင်ရွက်နေမှုများကို ဝန်ကြီးအား ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

### တိုးမြှင့်စီမံဆောင်ရွက်

ဝန်ကြီးက မိမိတို့တာဝန်ယူ ဆောင်ရွက်ရသည့် လမ်းအပိုင်းလိုက် လမ်းမျက်နှာပြင် ချောမွေ့စေရေးဆောင်ရွက်ရန်၊ ကတ္တရာလမ်းအဆင့်သို့ နှစ်အလိုက်တိုးမြှင့်စီမံဆောင်ရွက်ရန်၊ ဇလွန်မြို့အထိ ကတ္တရာလမ်းပြီးအောင် ခင်းရန်တို့ကို တာဝန်ခံအင်ဂျင်နီယာများအား မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

**(သတင်းစဉ်)**

## သိက္ခာထပ်နှင့် စုပေါင်းရှင်ပြုပွဲ လှိုင်သာယာတွင် ကျင်းပမည်

ရန်ကုန် ဧပြီ ၂၅

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ မဟာအောင်မြေရိပ်သာကျောင်းတိုက်၏ ဦးစီးပဓာန-နာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယဘဒ္ဒန္တ ကေသရမဟာထေရ် (သရက်ဆရာတော်)အား အလှူဒါယကာ ဦးညွန့်ဌေး(သီရိသုဓမ္မမဏိဇောတဓရ)ဒေါ်နီလာရွှေ၊ သားမောင်မြတ်စိုးအောင် (ကြာငါးခိုင်သက်န်းတိုက်) မိသားစုတို့က သိက္ခာထပ်နှင့် လှိုင်သာယာမြို့နယ်လုံးဆိုင်ရာ ရပ်ကွက်ပေါင်း(၂၀)တို့မှ ရှင်အပါး ၁၂၆ပါးတို့အား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ပွဲ အခမ်း အနားကို ဧပြီ ၂၉ ရက်နှင့် ဧပြီ ၃၀ရက် တို့တွင်လှိုင်သာယာမြို့နယ်၊ အမှတ် (၇) ရပ်ကွက်၊ ဘိုးရာဇာလမ်းရှိ မဟာအောင်မြေရိပ်သာ ကျောင်းတိုက်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဟု သိရသည်။

**(၁၈၀)**



**လှိုင်မြို့နယ် (၁၁)ရပ်ကွက် အမှတ် ၁၅၅/က ယောဂီကျောင်းလမ်းနေ ဒေါက်တာသန်းထွန်းအား ရည်စူး၍ ဇနီးဒေါ်ခင်ရီနှင့်သားသမီးများက ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂)လမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်း လက်ခံယူစဉ်။** (က-ပ)

## မြဝတီရုပ်မြင်သံကြား

၂၆-၄-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇း၁၅ ၄။ မျိုးချစ်တပ်မတော်
၇း၂၀ ၅။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၄း၁၅ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၀ ၅။ လက်စွမ်းပြပဟန်ဂီတသံ
၄း၃၀ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၀ ၇။ မျိုးချစ်တပ်မတော်
၄း၅၀ ၈။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၀၀ ၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၂၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့ အိမ်ကလေး"** (အပိုင်း-၂၀)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ English Usage
၂၁။ ဗီစီဒီကျော်ကြားတေးများ
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တရားစီရင်ထုံး"** (အပိုင်း-၂၇)

# တိုင်းမှူး ဗိုလ်ချုပ်ကိုကို ဆွာမြို့ ကျန်းမာရေးဟောပြောပွဲတက်ရောက် ပျိုးဥယျာဉ်၌ ခြစည်းရိုးကြက်ဆူပင်များပျိုးထောင်ထားမှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၅

**ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ကြီးကြပ်စီစဉ်မှုဖြင့် တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအဖွဲ့မှ ဆွာမြို့၌ ဒေသခံပြည်သူများ ကျန်းမာရေးစစ်ဆေးကုသခြင်းနှင့် ကျန်းမာရေးပညာပေးဟောပြောပွဲကို ဧပြီ ၂၂ ရက် နံနက် ၈ နာရီက အဆိုပါ ဆွာမြို့ အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်၌ကျင်းပရာ အခမ်းအနားသို့ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့်ဇနီး၊ တိုင်း အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလွင်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်း ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာငွေအောင်နှင့် တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

အစီအစဉ်အရ ရေတာရှည်မြို့နယ် ဥက္ကဋ္ဌ ဦးကျော်သန်းက ကျန်းမာရေးပညာပေးဟောပြောပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပဲခူးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်စဝ်နွမ်းခွန်ဆမ်က ဆေးဝါးကုသရန်အတွက် ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ တောင်ငူမြို့ အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ် ဒေါက်တာ ရစ်ချတ်ဘိုနီက လက်ခံရယူသည်။

ယင်းနောက် ရေတာရှည်မြို့နယ် ဆွာတိုက်နယ်ဆရာဝန် ဒေါက်တာ မျိုးဇော်လှက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ကြည့်ရှုအားပေး**

ထို့နောက် တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများသည် အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက ဒေသခံပြည်သူများအား ကျန်းမာရေး စစ်ဆေးကုသမှုများကို လှည့်လည် ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် (၁၆ ခုတင်ဆံ့)ဆွာတိုက်နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား နှုတ်ဆက်အားပေးကာ လိုအပ်သည်များပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် ရေတာရှည်မြို့နယ် သာဂရမြို့ သစ်တောဦးစီးဌာန သစ်တောပျိုးဥယျာဉ်သို့ ရောက်ရှိ၍ ပျိုးဥယျာဉ်အတွင်း ခြစည်းရိုး ကြက်ဆူပင်၄၀၀၀၀ပျိုးထောင်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဝိပဿနာ တရားစခန်းဖွင့်မည်

**ရန်ကုန် ဧပြီ ၂၅**

မြတ်ဗုဒ္ဓ၏ ပဋိပတ်အကျင့်မြတ် ပဋိပတ်တရားတော်များကို ကျေးဇူးရှင် လယ်တီဆရာတော်၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာတရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ(ဒလ–အုံကြီး)က ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၏ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံတော်ကြီးတွင် မေ၁ရက်မှ၇ရက်အထိ ညနေ၆နာရီမှ ၇နာရီခွဲအထိ လည်းကောင်း၊ ကျောက်တံတားမြို့နယ် ၃၈လမ်း(အောက်လမ်း)ရှိ ဗုဒ္ဓဝိဟာရဓမ္မာရုံတွင် မေ၂ရက်မှ ၈ရက်အထိ ည၇နာရီခွဲမှ ၉နာရီအထိ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ကလောမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက်တွင် ခုနစ်ရက်တရားစခန်းအဖြစ် မေ၂ရက်မှ၈ရက်အထိ လည်းကောင်း ဟောပြောပို့ချမည်ဖြစ်ကြောင်းသိရသည်။ **(က–ပ)**



**ဧပြီ ၆ ရက်က အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း တိုးချဲ့မြေကွက်သစ် ဝယ်ယူရန်အတွက် ရန်ကုန်မြို့နေ ဘုရားအမ၊ ကျောင်းအမ ဒေါ်နွဲ့နွဲ့အေး၊သမီး မအေးအေးသိန်း၊ မသိန်းသိန်းဝင်းနှင့် မြေးတစ်စုက အလှူငွေကျပ် ၁၂၀၀၀၀ ကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းရှိ ဗုဒ္ဓဂယာဆရာတော်၏ ကျောင်းတိုက်ဖြစ်သော မြန်မာနိုင်ငံ ဗုဒ္ဓဂယာ ကျောင်းတွင် အထွေထွေ အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ) ရှေ့မှောက်၌ တာဝန်ခံ ဦးတင်ဝင်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။**
(က–ပ)

## ဝါဆိုသင်္ကန်း အိမ်အိုကျေးရွာအရှေ့ကျောင်း၌လှူဒါန်းမည်

**ရန်ကုန် ဧပြီ ၂၅**

မန္တလေးတိုင်းကျောက်ပန်းတောင်းမြို့နယ် မန်ကျည်းကုန်းအုပ်စု အိမ်အိုကျေးရွာအရှေ့ကျောင်းတွင် စီးကံကျောင်းဆရာတော်ကြီးကိုအမှူးထား၍ (အဝေးရောက်)ရန်ကုန်ရောက် ပုဂ္ဂိုလ်များ၏နာယကလူကြီးများဖြစ်ကြသော မင်္ဂလာဒုံမှ ဦးသန်းမောင်၊ သာကေတမြို့နယ် ၂/တောင်ရပ်ကွက် ရန်ပြေအရှေ့၄လမ်းမှ ဦးသောင်းတင်၊ ဦးစု၊ ဦးလှသန်းတို့နှင့် ဖြစ်မြောက်ရေးအကျိုးဆောင်များ ဖြစ်ကြသော ဦးသောင်းရွှေ၊ ဦးသာအောင်၊ ဦးလှရွှေတို့ ကမကထပြုပြီး ဒုတိယအကြိမ်မြောက် အကြိုဝါဆိုသင်္ကန်း ကပ်လှူပွဲကို ၁၃၆၈ခုနှစ် နယုန်လ ဒုတိယပတ်တွင်ကျင်းပလှူဒါန်းမည်ဖြစ်သည်။ (အဝေးရောက်)ရန်ကုန်ရောက် အိမ်အိုကျေးရွာမှပုဂ္ဂိုလ်များ၊ ဝါဆိုသင်္ကန်း ကပ်လှူလိုသော ပုဂ္ဂိုလ်များ အကျိုးဆောင်များဖြစ်ကြသည့် ဦးသောင်းရွှေ၊ ဦးသာအောင်၊ ဦးလှရွှေတို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က–ပ)**

## သီရိဝေလာစာသင်တိုက် တရားစခန်းပွဲကျင်းပမည်

**ရန်ကုန် ဧပြီ ၂၅**

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် အောက်ရုံရပ်ကွက် ဇေတဝန်ကျောင်း မိုးကုတ်ဝိပဿနာဓမ္မာရုံတွင် ၁၃၆၈ခုနှစ် ကဆုန်လပြည့်နေ့မှ ကဆုန်လပြည့်ကျော် ၆ရက်(မေ ၁၁ ရက်မှ ၁၇ ရက်)အထိ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သီရိဝေလာစာသင်တိုက် မိုးကုတ်ဝိပဿနာဓမ္မကထိက ဆရာတော်ဘဒ္ဒန္တ ဣန္ဒာသဘသီရိ (ကံမ)က ပဋိစ္စသမုပ္ပါဒ်သစ္စာတရားတော်များ ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်ရောက်ကြမည့် ယောဂီများသည် ဇေတဝန်ကျောင်းဆရာတော် ဦးဇာနေယျထံ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။**(က–ပ)**




**ဧပြီ ၂၃ ရက်က ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Information Industry ဝန်ကြီးဌာနဝန်ကြီး H.E. Mr. Wang Xudong တို့ ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်အားပေးကြရာ မြန်မာနိုင်ငံ ဆက်သွယ်ရေး စီမံကိန်း ဆောင်ရွက်ရေးဆိုင်ရာ ကန်ထရိုက်စာချုပ်ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ Alcatel Shanghai Bell Co., Ltd. ဒုတိယဥက္ကဋ္ဌ Ms. Niu Yuhong တို့ လက်မှတ်ရေးထိုးကြစဉ်။** (သတင်းဖော်ပြပြီး)
(သတင်းစဉ်)

## Carrier လေအေးပေးစက်များ မြန်မာဈေးကွက်တွင် စတင်ဖြန့်ချိ

**ရန်ကုန် ဧပြီ ၂၅**

Constructive Engineer Ltd. က ကြီးမှူးကျင်းပသော Carrier အမျိုးအစား လေအေးပေးစက်များ မြန်မာနိုင်ငံဈေးကွက်တွင် စတင်မိတ်ဆက်ဖြန့်ချိသည့်အခမ်းအနားကို ယနေ့ မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများ၊ အရောင်းကိုယ်စားလှယ်ကြီးများနှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Constructive Engineer Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်သင်းဝတ်ရည်ကျော်နှင့် Carrier Singapore Ltd. ၏ Export General Manager Mr. Alan Chaw တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဆက်လက်၍ ဈေးကွက်မန်နေဂျာ ဦးကျော်မိုး **(အောက်ပုံ)**က မြန်မာဈေးကွက်တွင် Carrierလေအေးပေးစက်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ဖြန့်ချိမည့် စနစ်များကို ရှင်းလင်းတင်ပြပြီး ကြွရောက်လာကြသော ဧည့်သည်များ သိလိုသည့်မေးမြန်းချက်များကို ကုမ္ပဏီမှ တာဝန်ရှိသူများက ပြန်လည် ဖြေကြားကြသည်။

Carrier လေအေးပေးစက်များကို မြန်မာနိုင်ငံဈေးကွက်တွင် ဖြန့်ချိရာ၌ အိမ်တွင်းသုံးလေအေးပေးစက်မှအစ စက်ရုံအလုပ်ရုံနှင့် ဟိုတယ်လုပ်ငန်းသုံး လေအေးပေးစက်ကြီးများအထိ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**




## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်

**ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာ ပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ် စိုးရိမ်ရသောအခြေအနေအထိ ဖြစ်တတ်ပါသည်။**

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန်နှိုးဆော်အပ်ပါသည်။

(၁) နံနက်၁၀နာရီမှ ညနေ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကိုဖြစ်ပေါ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။ **ကျန်းမာရေးဝန်ကြီးဌာန။**

# အီသီယိုးပီးယား၏ အဓိကပြည်ပပို့ကုန်နိုင်ငံ တရုတ်ဖြစ်လာ

အဒစ်အာဘာဘာ ဧပြီ ၂၅

**တရုတ်နိုင်ငံသည် ယခုနှစ်တွင် အာဖရိကနိုင်ငံတစ်နိုင်ငံဖြစ်သည့် အီသီယိုးပီးယားနိုင်ငံ၏ အဓိကပြည်ပပို့ကုန်တင်ပို့သော နိုင်ငံဖြစ်လာကြောင်း အီသီယိုးပီးယား အစိုးရအဖွဲ့က ဧပြီ ၂၂ ရက်၌ ပြောကြားသည်။**

အီသီယိုးပီးယားနိုင်ငံသည် စိုက်ပျိုးရေးထွက်ကုန်များကို တရုတ်နိုင်ငံသို့ တန် ၁၇၅၀၀၀၊ တန်ဖိုးငွေအားဖြင့် အမေရိကန်ဒေါ်လာ ၁၂၃ သန်းခန့်ကို ၂၀၀၅ ခု ဇူလိုင်မှ ၂၀၀၆ခု မတ်အထိတင်ပို့ပေးခဲ့ကြောင်း အီသီယိုးပီးယားအကောက်ခွန်ဌာနမှ အရာရှိကြီး တက်ကီက ပြောကြားသည်။

## ပြောကြား

၂၀၀၅ ခုနှစ် ဇူလိုင်မတိုင်မီက အီသီယိုးပီးယား၏ တရုတ်သို့ပို့ကုန်သည် အနည်းငယ်သာ ပို့နိုင်ခဲ့သည်။ သို့သော် အာဖရိကကုန်ပစ္စည်းများကို တရုတ်နိုင်ငံက အကောက်ခွန် ကင်းလွတ်ခွင့် ကြေညာခဲ့ပြီးနောက်ပိုင်း ပြည်ပပို့ကုန် အရေအတွက်သည် တစ်ဟုန်ထိုး မြင့်တက်လာခဲ့ကြောင်း တက်ကီက ပြောကြားသည်။

## ကင်းလွတ်ခွင့်

၂၀၀၅ ခုနှစ်မှ စတင်၍ တရုတ်နိုင်ငံသည် အီသီယိုးပီးယားနှင့် တခြားအာဖရိကနိုင်ငံများကို ၎င်းတို့နိုင်ငံမှ ထွက်သောထွက်ကုန် ၁၈၇ မျိုးကို အကောက်ခွန် ကင်းလွတ်ခွင့်ပြုခဲ့သည်။

## အခြားထွက်ကုန်

ကိုးလအတွင်းတွင် အီသီယိုးပီးယားမှ တရုတ်သို့ စုစုပေါင်းပို့ကုန်များသည် နှမ်း ၁၄၂၈၂၅ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၁၂ သန်း၊ သားရေ ၂၈၅၉၄ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄ သန်းနှင့် ရော်ဘာ ၃၇၁၂ သန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၇၅၈၅၀ အပါအဝင် အခြားထွက်ကုန်များကို တင်ပို့ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

## နိုင်ငံတကာ သတင်းများ



**အီရတ်သမ္မတတာလာဘာနီ**

# အီရတ်သမ္မတတာလာဘာနီ ဒုတိယသက်တမ်းပြန်လည်အရွေးခံရ

**ဘဂ္ဂဒက် ဧပြီ ၂၅**

အီရတ်ပါလီမန်က သမ္မတ ဂျာလာလ်တာလာဘာနီအား လေးလကြာ နိုင်ငံရေးရှေ့မတိုးနောက်မဆုတ်သာအခြေအနေဖြစ်ခဲ့ပြီးနောက် နိုင်ငံရေးသမားများက စည်းလုံးညီညွတ်သော အမျိုးသားအစိုးရဖြစ်ရေး တိုက်တွန်းခဲ့သကဲ့သို့ စနေနေ့က ဒုတိယသက်တမ်း တာဝန်ထမ်းဆောင်ရန် ပြန်လည်ရွေးချယ်လိုက်သည်။

တာလာဘာနီသည် အီရတ်မြောက်ပိုင်း ကာ့ဒ်များအတွက် ၎င်း၏ သက်တမ်းတစ်လျှောက်တိုက်ခိုက်ရေးဖြင့်သာ အချိန်ကုန်စေခဲ့သူဖြစ်ပြီး အာရပ်နိုင်ငံ၌ အာရပ်မဟုတ်သော သမ္မတအဖြစ် ပထမဆုံးဖြစ်လာသူဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**



## ညစ်ညမ်းစာအုပ်များဖျက်ဆီး

**တရုတ်နိုင်ငံ ဟူဘေးပြည်နယ်တွင် ညစ်ညမ်းစာအုပ်များနှင့် ဒီဗီဒီများကို တာဝန်ရှိသူများက ဧပြီ ၂၃ရက်က ဖျက်ဆီးနေစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ဂျာမနီစီးပွားရေးနှင့် နည်းပညာများ အိန္ဒိယ၌ ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်

**ဟန်နိုဗာ ဧပြီ ၂၅**

ဂျာမနီစီးပွားရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများအား အိန္ဒိယဝန်ကြီးချုပ်မန်မိုဟန်ဆင်းက နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများနှင့် ကုန်သွယ်ရေး အခွင့်အလမ်းများ တိုးချဲ့ရန်အတွက် ဧပြီ ၂၃ ရက်က ဖိတ်ခေါ်လိုက်သည်။

ဂျာမနီသို့ သုံးရက်ကြာ အလည်အပတ်ရောက်ရှိနေသော ဆင်းက အိန္ဒိယနိုင်ငံသည် ရှစ်ရာခိုင်နှုန်းတိုးတက်နေပြီး ၁၀ ရာခိုင်နှုန်း စီးပွားရေးတိုးတက်ရန် ရည်ရွယ်လုပ်ဆောင်နေကြောင်း ဟန်နိုဗာမြို့ မြို့တော်ခန်းမ၌ ပြောကြားလိုက်သည်။

အိန္ဒိယနိုင်ငံ၏ အဆင့်အမြင့်ဆုံး တိုးတက်မှုများရရှိရေးအတွက် ဂျာမနီပြည်သူများ၏ ထောက်ခံအားပေးကူညီမှုသည် အရေးကြီးကြောင်း ဝန်ကြီးချုပ်က ပြောကြားလိုက်သည်။

အိန္ဒိယနိုင်ငံက ရင်းနှီးမြှုပ်နှံမှုအသစ်များမြှုပ်နှံရေး၊ ကုန်သွယ်ရေးအခွင့်အလမ်းများ တိုးချဲ့ရေး၊ ဂျာမနီနည်းပညာသွင်းကုန်များတင်သွင်းရေးအတွက် လိုလားနေကြောင်း ၎င်းက ပြောကြားသည်။ **(ပီတီအိုင်)**

# ထူးခြားသည့် ဒိုင်နိုဆောမျိုးစိတ် ကျောက်ဖြစ်ရုပ်ကြွင်း တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း၌ တူးဖော်တွေ့ရှိ

**ပေကျင်း ဧပြီ ၂၅**

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ကျီလင်ပြည်နယ်၏ မြို့တော်ချိန်ချီအန်၏ မြေအောက်မှ ချိန်ချန်ဆာရပ်ဟု အမည်ပေးထားသော ဒိုင်နိုဆောမျိုးစိတ်သစ် ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုကို တွေ့ရှိခဲ့ကြောင်း ဆင်ဟွာကဖော်ပြသည်။

လွန်ခဲ့သည့်သုံးနှစ်က တူးဖော်ရာမှတွေ့ရှိခဲ့သော အဆိုပါ ကျောက်ဖြစ်ရုပ်ကြွင်းတွင် ငှက်ခြေထောက်ကဲ့သို့ပါရှိပြီး သိသိသာသာရှိသော ဦးခေါင်းပုံသဏ္ဌာန်မှာ အခြားလူအများသိရှိကြသည့် မျိုးစိတ်များနှင့် ခွဲခြားသိမြင်နိုင်ကြောင်း ကျီလင်တက္ကသိုလ်ပြတိုက်မှူးကျင်လီယွန်က ပြောကြားသည်။

အဆိုပါ ရုပ်ကြွင်း၏ ဦးခေါင်းပတ်လည်အရှည်မှာ ၁၁၅ မီတာပုံသုံးပုံရှိပြီး မျက်တွင်းပေါက်အကျယ်မှာ တစ်မီတာရှိကာ ပါးရိုးမှာထူးခြားသည့် အငေါ်ဆက်များပါရှိသည်။

အဆိုပါအရွက်စားဒိုင်နိုဆော အပေါ်မေးရိုးတွင် သွားငါးချောင်းပါရှိပြီး ၎င်းသည် သေးသွယ်ပြီးရှားပါးသည့် ခြေနှစ်ချောင်းနှင့် လမ်းလျှောက်ကာ တိုသောလက်များပါရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**



# ဂျာဗား၌ မီးတောင်ပေါက်ကွဲ၍ ဘေးလွတ်ရာထွက်ပြေးကြရ

**ဂျကာတာ ဧပြီ ၂၅**

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားပြည်နယ်အလယ်ပိုင်း မာဂျီလန်းရှိ ဒူကွန်းကျေးရွာ၌ မီးတောင်ပေါက်ကွဲမှုကြောင့် ကျောင်းသူ ကျောင်းသားများစာသင်ခန်းများမှ ထွက်ပြေးနေကြသည်ကို ဧပြီ၂၄ရက်က တွေ့ရခြင်းဖြစ်သည်။ **(အပေါ်ပုံ)** မီရာပီမီးတောင်အနီးဝန်းကျင်ရှိ ရာပေါင်းများစွာသော ပြည်သူများမှာ နေအိမ်များကို စွန့်ခွာလျက် ထွက်ပြေးကြရသည်ဟု ဆိုသည်။

## စွန့်ခွာထွက်ပြေး

မကြာသေးမီရက်များက တာဝန်ရှိသူများက အဆိုပါမီးတောင်ဝန်းကျင်နေပြည်သူများအား မီးတောင်ပေါက်ကွဲတော့မည်ဖြစ်ကြောင်း သတိပေးထားခဲ့သဖြင့် ဒေသနေပြည်သူများနေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရသည်။ **(အင်တာနက်)**



**တရုတ်နိုင်ငံ ကျီကျန်းပြည်နယ် ဟန်ကျို့မြို့တွင် ကျင်းပသည့် နဂါးလှေပြိုင်ပွဲ၌ ပါဝင်ဆင်နွှဲနေသော နဂါးလှေတစ်စင်းကို ဧပြီ ၂၄ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



# စုပေါင်း လက်ထပ်ပွဲကျင်းပ

**ပေကျင်း မေ ၂၅**

တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ် လူကျိုမြို့ အော်အန်မျှော်စင်ရှေ့၌ မေ ၂၂ရက်က စုပေါင်း လက်ထပ်ပွဲတစ်ရပ် ကျင်းပနေသည်ကို တွေ့ရခြင်း ဖြစ်သည်။ **(အပေါ်ပုံ)**

အဆိုပါ လက်ထပ်မင်္ဂလာစုံတွဲများသည် လာမည့် မေလတွင် နိုင်ငံတစ်ဝန်း စုပေါင်းလက်ထပ်ပွဲများကို ခုနစ်ရက်တိုင်တိုင် ပြုလုပ်ရေးအတွက် လှုံ့ဆော်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(အင်တာနက်)**

# ကိုကင်း ဓာတ်ခွဲခန်းလေးခု ကိုလံဘီယာရဲတပ်ဖွဲ့ ဖျက်ဆီး

ဘိုဂိုတာ မေ ၂၅

**ကိုလံဘီယာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ရဲတပ်ဖွဲ့သည် ကိုလံဘီယာ အရှေ့တောင်ဘက် နာရီနိုရှိ ကိုကင်းထုတ်လုပ်ရေး ဓာတ်ခွဲခန်း လေးခုကို ဖျက်ဆီးလိုက်ကြောင်း အရာရှိများက မေ ၂၃ရက်တွင် ပြောကြားသည်။**

အဖွဲ့ ၅၀သည် ဓာတ်ခွဲခန်းများရှိရာ ဒေသအတွင်း ရဟတ်ယာဉ်များပေါ်မှ ဆင်းသက်ကာ ကိုကင်း ၂၀၃ကီလို၊ ကိုကင်း အခြေခံ ၄၄ကီလို၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် ပတ်သက်သည့် အရည်နှင့်အခဲ ၁၃တန်၊ ဆေးခြောက် ၁ ဒသမ ၅တန်၊ စဉ်းပြီးသား ဆေးရွက် ကီလို၂၉၀၊ ဆေးခြောက်ပင် ၂၈၀၀နှင့်အတူ အရေးကြီးသည့် ဓာတုဗေဒဆိုင်ရာ ပစ္စည်းများကို သိမ်းဆည်းခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

## သိမ်းဆည်းရမိ

၎င်းပြင် ပစ္စတိုသေနတ်နှစ်လက်၊ ပို့ဂ့် ၂၂ ရိုင်ဖယ်တစ်လက်နှင့် ယာဉ်တစ်စီးအတွင်းမှ ကိုကင်း ၂၈ ကီလို သိမ်းဆည်းရမိခဲ့သည့်အပြင် ဓာတ်ခွဲခန်းနေရာ တချို့မှလည်း ကိုကင်း ၁၇၅ကီလို သိမ်းဆည်း ရမိခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၂၃၉၁ဦး ရှိပြီ

**ဘဂ္ဂဒက် မေ ၂၅**

ဘဂ္ဂဒက်အနောက်မြောက်ပိုင်း၌ မေ ၂၃ရက်က အမေရိကန်စစ်ယာဉ်တစ်စီး လမ်းဘေးဗုံးထိမှန်ခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးသွားကြောင်း အမေရိကန် စစ်ဘက်က ပြောကြားသည်။

ဘဂ္ဂဒက်တောင်ပိုင်း၌ သီးခြားစီပေါက်ကွဲသော လမ်းဘေးဗုံးနှစ်လုံးကြောင့် မေ ၂၂ရက်က အမေရိကန်တပ်ဖွဲ့ဝင် ငါးဦး သေဆုံးခဲ့သည်။

## ကျူးကျော်တိုက်ခိုက်

အီရတ်ကို အမေရိကန်ဦးဆောင်လျက် ၂၀၀၃ခုနှစ် မတ်လက ကျူးကျော်တိုက်ခိုက်ခဲ့ရာ အီရတ်၌ သေဆုံးသော အမေရိကန် တပ်ဖွဲ့ဝင် အရေအတွက်မှာ ၂၃၉၁ဦး ရှိသွားပြီဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# ကမ္ဘောဒီးယားဝန်ကြီးချုပ် တရုတ်ကိုယ်စားလှယ်အား တွေ့ဆုံ အကူအညီများပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ဟွန်ဆန်ပြောကြား

**ဖနောင်ပင် မေ ၂၅**

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က ၎င်းအနေဖြင့် တတိယအကြိမ် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် ယခုနှစ်ကုန်ပိုင်းတွင် နန်နင်းမြို့၌ ပြုလုပ်မည့် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်ဖြစ်ကြောင်း မေ ၂၂ရက်၌ ပြောကြားလိုက်သည်။

## မှတ်ချက်ပြု

ဟွန်ဆန်သည် ကွမ်စီကျောင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရုတ်ကွန်မြူနစ်ပါတီ၏ ကော်မတီအတွင်းရေးမှူး ကာအိုဘိုချွန်နှင့်တွေ့ဆုံရာတွင် အထက်ပါအတိုင်း မှတ်ချက်ပြုပြောကြားလိုက်ခြင်း ဖြစ်သည်။

ယင်းတို့နှစ်ဦးသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့အပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

## သဘောတူညီ

ယင်းတို့တွေ့ဆုံရာတွင် နှစ်နိုင်ငံဘက်မှ ကုန်သွယ်ရေးနှင့် စီးပွားရေးအပေါ် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ရန် သဘောတူညီခဲ့ကြသည်။

တရုတ်နိုင်ငံ ကွမ်စီကျောင်းဒေသသည် ကမ္ဘောဒီးယားနိုင်ငံ၏ ပြည်နယ်တစ်ခုနှင့် ပြည်နယ်ညီအစ်မဖြစ်လာကာ နှစ်ပြည်နယ်အကြား ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုတို့အပေါ် ပူးပေါင်းဆောင်ရွက်နိုင်ရန်အလို့ငှာ မျှော်လင့်ကြောင်း ဟွန်ဆန်က ထုတ်ဖော်ပြောကြားလိုက်သည်။

## ခြေလှမ်းသစ်စတင်နိုင်

တရုတ်နှင့်ကမ္ဘောဒီးယားနိုင်ငံတို့အကြား နှစ်နိုင်ငံ ဆက်ဆံရေးသည် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင် ယခုလစောစောပိုင်းက ကမ္ဘောဒီးယားသို့လာရောက်ခဲ့ပြီးနောက် တိုးမြှင့်ရေး ခြေလှမ်းသစ်ကို စတင်နိုင်ခဲ့ကြောင်း ဟွန်ဆန်က ပြောကြားလိုက်သည်။

တရုတ်အစိုးရအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်မှုများအတွက် အကူအညီပေးခဲ့သဖြင့် ကျေးဇူးတင်ရှိကြောင်း အဆိုပါ ဝန်ကြီးချုပ်က ပြောကြားလိုက်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## ဆံပင်များတွင် ကြိုးချည်၍ မော်တော်ကားသုံးစီး ဆွဲပြသူ အမျိုးသမီး

**ဆံပင်များတွင်ကြိုးချည်ပြီး မော်တော်ကား သုံးစီးကို ဆွဲပြနေသူ အမျိုးသမီးတစ်ဦးကို တွေ့ရစဉ်။** (ယာပုံ)

တရုတ်နိုင်ငံ အရှေ့ပိုင်း ကျန်စုပြည်နယ် နန်ကျင်းမြို့တွင် တရုတ်အမျိုးသမီးတစ်ဦးဖြစ်သူ ကျန်တင်းဆိုသူက သူမ၏ ဆံပင်များတွင် ကြိုးချည်ကာ မော်တော်ယာဉ် သုံးစီးကို မီတာ၂၀ အကွာအဝေးအထိ ဆွဲပြနိုင်ခဲ့ကြောင်း သိရသည်။

**(အင်တာနက်)**



## ကမ္ဘာ့ အကြီးဆုံး မွေ့နေ့ကိတ်



**ကမ္ဘာ့ အကြီးမားဆုံး မွေးနေ့ကိတ်ကြီးတစ်ခုကို တွေ့ရစဉ်။** (ဝဲပုံ)

အမေရိကန်နိုင်ငံ လပ်ဗီးဂတ်စ်မြို့တွင် လူ ၅၀၀ က အလေးချိန် ပေါင် ၁၃၀၀၀၀ ရှိပြီး အရှည် ၁၀၂ပေရှိကာ အကျယ် ၅၂ ပေနှင့် အမြင့် လက်မ၂၀ရှိသည့် မွေးနေ့ကိတ်ကြီးကို ၁၄နာရီကြာ ပြုလုပ်ခဲ့ကြရာ ၎င်းမွေးနေ့ ကိတ်ကြီးမှာ ကမ္ဘာပေါ်တွင် အကြီးမားဆုံး မွေးနေ့ကိတ်ကြီးတစ်ခု ဖြစ်ကြောင်း သိရသည်။

**(အင်တာနက်)**



■ **ကျောဖုံးမှ**

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွင်အိုင်တီနည်းပညာရပ်များ တွင်တွင်ကျယ်ကျယ်သုံးစွဲမှုသည်လည်း အရေးပါလှသည်ဖြစ်ရာ ထိုသို့ အိုင်တီနည်းပညာရပ်များ လူငယ်ထုအတွင်း ကျယ်ပြန့်စွာအသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်က မြန်မာအိုင်စီတီ ရက်သတ္တပတ်များကို စဉ်ဆက်မပြတ်ကျင်းပပေးနေခြင်းလည်းဖြစ်သည်။

ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ မကြာမီ ခင်းကျင်းပြသတော့မည့် ပဉ္စမအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၆တွင် ပါဝင်ခင်းကျင်းပြသမည့် အိုင်တီ နည်းပညာသုံး ကုမ္ပဏီများ၊ လုပ်ငန်းများအနေဖြင့်လည်း ပစ္စည်းအမျိုးအမည်စုံလင်စွာ ခင်းကျင်းပြသနိုင်ရန် အတတ်နိုင်ဆုံးကြိုးစားစီစဉ်နေကြပြီဖြစ်သည်။

**ပဉ္စမအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ်၂၀၀၆ တွင် MMG ပြခန်း၌ ခင်းကျင်းပြသမည့် အင်တာနက် ချိတ်ဆက်ပစ္စည်းများ။** (ဓာတ်ပုံ-တင်စိုး)

**ရည်ရွယ်ပြသ**

ထိုသို့ ပဉ္စမအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၆တွင် ပါဝင် ခင်းကျင်းပြသမည့် ပြခန်းများတွင် MMG Technologies Co., Ltd.မှ အိုင်တီနည်းပညာသုံး ပြခန်းလည်း ပါဝင်မည်ဖြစ်သည်။ MMG အနေဖြင့် မြန်မာနိုင်ငံတွင် မြန်မာအိုင်စီတီရက်သတ္တပတ်များ စတင်ကျင်းပခဲ့သည့်အချိန်မှစတင်ပြီး နှစ်စဉ်အကြိမ်တိုင်း ပါဝင်ခင်းကျင်းပြသခဲ့ခြင်းဖြစ်ပြီး ပြပွဲတိုင်း၌ နောက်ဆုံးပေါ် အိုင်တီ နည်းပညာသုံးပစ္စည်းများကို ပြည်သူတို့ လေ့လာသိရှိစေရန်နှင့် လက်တွေ့ ဆည်းပူးနိုင်ရန် ရည်ရွယ်ကာ ပြသခဲ့ခြင်းဖြစ်သည်။

MMG အနေဖြင့် ယခုပဉ္စမအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၆ တွင် အိုင်တီနည်းပညာသုံး ပစ္စည်းအမျိုးအစားပေါင်း ၆၀ ကျော် ခင်းကျင်းပြသမည်ဖြစ်ရာ အထူးသဖြင့် Video Conferencing များ၊ Linksys Network များ၊ အင်တာနက်ချိတ်ဆက်ပစ္စည်းများ Network-security များစသည့် ပစ္စည်းများအပါအဝင် အိုင်တီနည်းပညာသုံး ဆက်စပ်ပစ္စည်း အများအပြား ပြသသွားမည်ဖြစ်သည်။

**ဝန်ဆောင်မှုပေးနိုင်**

ပြပွဲ ကာလအတွင်း Video Conferencing ကို လက်တွေ့ပြုလုပ်ပြသသွားမည်ဖြစ်ရာ Video Conferencing ကို မည်သို့သုံးစွဲရသည်၊ မည်သို့ပြင်ဆင်ရသည်၊ မည်သို့ ထိန်းသိမ်းရသည်များကိုလည်း ပြည်သူများအား ဗဟုသုတရရှိစေရန် ပြသသွားမည်ဖြစ်သည်။ Video Conferencing သည် နှစ်ဖက်မြင်ပြောဆို ဆွေးနွေးနိုင်သည်ဖြစ်ရာ ယနေ့ခေတ်နှင့် အံကိုက်ပင်ဖြစ်သည်။ စီးပွားရေး၊လူမှုရေး၊အစည်းအဝေးများ၊ တွေ့ဆုံဆွေးနွေးမေးမြန်းမှုများကိုအချိန်နှင့်တစ်ပြိုင်နက်တည်း ဝန်ဆောင်မှုပေးနိုင်သည့် ပစ္စည်းဖြစ်သည်။

**စိတ်ဝင်စားသူများ**

ထို့အပြင် Global Knowledge Network အခြေခံပညာရပ်များကို ပြည်သူများအား ထပ်မံမိတ်ဆက်ပေးသွားမည်ဖြစ်ပြီး စိတ်ဝင်စားသူများအား အထူးအစီအစဉ်များ ပြုလုပ်ပေးသွားမည်ဖြစ်သည်။

တစ်ဖန် Wired and Wireless များကိုလည်း ပြသသွားမည်ဖြစ်ရာ ၎င်းပစ္စည်းများသည် ကွန်ပျူတာများ၊ အင်တာနက်များ တစ်ခုနှင့်တစ်ခု ချိတ်ဆက်ရာတွင် ကြိုးများမလိုအပ်တော့ဘဲ Wired and Wireless များထားရှိခြင်းဖြင့် လုပ်ငန်းများအဆင်ပြေစွာဆောင်ရွက်နိုင်မည်ဖြစ်သည်။

**ပဉ္စမအကြိမ် မြန်မာအိုင်စီတီရက် သတ္တပတ် ၂၀၀၆ ၌ MMG ပြခန်း၌ ခင်းကျင်းပြသမည့် Video Conferencing နှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။** (ဓာတ်ပုံ-တင်စိုး)



**ပျော်ရွှင်စရာ**

MMG အနေဖြင့် ပဉ္စမအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၆ ပြပွဲကာလအတွင်း အိုင်တီနည်းပညာသုံးပစ္စည်းများကို ဝယ်ယူသူများအား လက်ဆောင်များ၊ ကံစမ်းမဲများပေးမည့်အစီအစဉ်လည်းပါရှိရာ ပြပွဲလာပြည်သူများအတွက် စိတ်ပျော်ရွှင်စရာဖြစ်စေမည်ဖြစ်သည်။

အိုင်တီနည်းပညာရပ်များကို လေ့လာဆည်းပူးလိုသူ လူငယ်များအတွက် Global Knowledge Network အခြေခံသင်တန်းများကို ထပ်မံမိတ်ဆက်ပေးသွားမည်ဖြစ်ရာ အိုင်တီပစ္စည်းများ၊ အခြေခံအိုင်တီနည်းပညာများကို တစ်ပြိုင်တည်း သိရှိနားလည်သွားနိုင်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့ကြောင့် အိုင်တီနည်းပညာနှင့်ပတ်သက်၍ ကဏ္ဍစုံပါဝင်ကာ တစ်နေရာတည်း၊ တစ်ချိန်တည်းတွင် နိုင်ငံတကာတွင် ယနေ့ဖြစ်ပေါ်တိုးတက်နေသော အိုင်တီနည်းပညာသုံးပစ္စည်းများကို မျက်ဝါးထင်ထင် တွေ့မြင်လေ့လာသိရှိရမည်ဖြစ်သည်။ ပဉ္စမအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၆သည် ယခင်အကြိမ်များထက် ပိုမိုဗဟုသုတရဖွယ် ပြပွဲတစ်ရပ်ဖြစ်မည်မှာ သေချာပါကြောင်း ရေးသားလိုက်ရပေသည်။ ။**(မြန်မာ့အလင်း)**

## အင်တာနက် သတင်းနှင့် ဓာတ်ပုံများ

## အင်တာနက်ကို ဆက်သွယ်ရာတွင် မိုဘိုင်းလ်ဖုန်းများက ပီစီများကိုအမီလိုက်နေ

**မိုဘိုင်းလ်ဖုန်းများသည် အင်တာနက် ဆက်သွယ်သုံးစွဲရာ၌ အဓိကစင်မြင့် အဖြစ်မကြာမီတွင် စားပွဲတင် ကွန်ပျူတာ (ပီစီ)များကို အမီလိုက်လာကောင်း လိုက်လာနိုင်သည်ဟုမကြာမီက ကွင်းဆင်းလေ့လာချက်အရ သိရသည်။**



ဖော်ပြပါရှိ

**အင် တာ နက်ကိုကြည့်ရှုလေ့လာသည့်မိုဘိုင်းလ်ဖုန်းအသုံးပြုသူ ဦးရေမှာ ၂၀၀၄ ခုနှစ်ကုန်က ၂၅ရာခိုင်နှုန်း ရှိရာမှ ယခုအခါ ၂၈ရာခိုင်နှုန်းအထိ တိုးလာကြောင်း၊ ယခုရက်သတ္တပတ်ထုတ်ပြန်သည့် အစ်ပဆိုအင်ဆိုက် သုတေသနလုပ်ငန်း၏ လေ့လာချက်တွင် ဖော်ပြပါရှိသည်။**

အကြောင်းရင်း

**ထိုသို့ မိုဘိုင်းလ်ဖုန်းသုံးစွဲသူများ၏ အင်တာနက်ကို ပိုမိုကြည့်ရှုလာခြင်းမှာ မိုဘိုင်းလ်ဖုန်းသုံးသူများသည် အသက် ၃၅နှစ်အထက်ရှိသူများဖြစ်ခြင်းမှာ အဓိကအကြောင်းရင်းဖြစ်သည်။**

**ယင်းတွင် ဂျပန်နိုင်ငံထိပ်ဆုံးမှရှိသည်။ မိုဘိုင်းလ်ဖုန်းသုံးသူ ၉၂ ရာခိုင်နှုန်းသည် ၂၀၀၅ခုနှစ်အတွင်း တစ်လလျှင်အနည်းဆုံးတစ်ကြိမ်မျှ အင်တာနက်ကိုကြည့်သည်၊ သို့မဟုတ် အချက်အလက်များ ကူးသူဖြစ်သည်။**

**ယခုနှစ်အတွင်း ဂျပန်၌အရွယ်ရောက်သူ ၁၀ဦးလျှင် လေးဦးက မိုဘိုင်းလ်ဖုန်း အသုံးပြုပြီး အင်တာနက်ကိုဆက်သွယ် အသုံးချသဖြင့် ၂၀၀၃ ခုနှစ်ကထက် ၅၀ရာခိုင်နှုန်းပိုများလာသည်။ ဒုတိယနေရာတွင် ဗြိတိန်ရှိပြီး ၎င်းတို့နောက်မှ အမေရိကန်နှင့် တောင်ကိုရီးယားတို့ရှိကြသည်။** (အင်တာနက်)

## မြို့တွင်းယာဉ်ကြောပိတ်မှုဖြေရှင်းရေး သုံးဘီးကားငယ် တီထွင်စမ်းသပ်

မြို့တော်အတွင်း ယာဉ်အသွားအလာပိတ်ဆို့မှုကို ဖြေရှင်းနိုင်မည့် သုံးဘီးကားငယ်တစ်စီးကို ဗြိတိန်နိုင်ငံ ဘက်သ်တက္ကသိုလ်၌ စင်တင်ပြသထားသည်။ **(အောက်ပုံ)**

အဆိုပါ ကားငယ်သည် ယာဉ်အကျယ် တစ်မီတာကျယ်ပြီး သာမန်မော်တော်ကားများထက် လေထုညစ်ညမ်းမှု ပိုမိုနည်းပါးစေသည်ဆို၏။

အမြင့်ဆုံးမောင်းနိုင်သည့် မြန်နှုန်းသည် တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ (တစ်နာရီမိုင် ၆၀ နှုန်း)ဖြစ်ပြီး၊ အန္တရာယ်ကင်းပြီး ပိုမိုအလှည့်အပြောင်းလွယ်ကူစေရန် ဆန်းသစ်သော ခပ်စောင်းစောင်းကားကိုယ်ထည်ကိုအသုံးပြုတီထွင်ထားသည်။

**လပေါင်း ၄၀ ကြာ**

မောင်းသူနှင့် ခရီးသည်နှစ်ဦးတည်းသာ စီးနင်းလိုက်ပါသည့် ထိုကားငယ်ကို ဥရောပကိုးနိုင်ငံမှ သုတေသနပညာရှင်များက လပေါင်း ၄၀ ကြာမျှ တီထွင်ရရှိသော ရလဒ်ဖြစ်သည်။

ဘက်သ်မြို့၌ ပြသသည့် ဤကားငယ်သည် ဥရောပသမဂ္ဂအဖွဲ့အစည်းက တီထွင်ဆောက်လုပ်သည့် ကားငယ်ငါးစီးအနက် တစ်စီးဖြစ်သည်။ ယာဉ်သုံးစီးမှာ စမ်းသပ်စဉ် တိမ်းမှောက်ပျက်စီးသွားသည်။ အခြားယာဉ်မှာမူ ဂျာမနီနိုင်ငံတွင်ရှိသည်။

**အစားထိုးရန်**

ဤဆန်းသစ်ယာဉ်ကို ပြသထားသော်လည်း မြို့နေလူထုအကြိုက် အကြမ်းခံဇိမ်ခံကားများကို အစားထိုးရန် လွယ်ကူဦးမည် မဟုတ်ပေ။

သို့သော် ပြသထားသည့် ဤကားငယ်သည် သုတေသနစီမံကိန်းအဆင့်သာရှိပြီး ဤပုံစံအတိုင်း ဈေးကွက်အတွင်း ရောက်လာဦးမည်မဟုတ်ကြောင်း သိရသည်။ **(အင်တာနက်)**



## မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဝါပ တရားစခန်းပွဲများ

**ရန်ကုန် ဧပြီ ၂၅**

ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ် အမှတ် ၈၂ နတ်မောက်လမ်း ဗဟန်းတွင် ၂၀၀၆ ခုနှစ် ဝါပ တရားစခန်းပွဲများကို တစ်လနှစ်ကြိမ်ကျင်းပလျက်ရှိရာ မေ ၅ ရက်မှ ၁၄ ရက်အထိ သဇင်ရေကျောင်းဆရာတော် ဘဒ္ဒန္တဉာဏောဘာသကလည်းကောင်း၊ ၂၀ ရက်မှ ၂၉ ရက်အထိ ပြည်ဆရာတော်ဘဒ္ဒန္တဓမ္မောသစကလည်းကောင်း၊ ဇွန် ၅ ရက်မှ ၁၄ ရက်အထိ မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရရိပ်သာ ပဓာနနာယကဇေယျဝတီဆရာတော် ဘဒ္ဒန္တသောဘနက လည်းကောင်း၊ ၂၀ ရက်မှ ၂၆ ရက်အထိ မော်ကျွန်းဆရာတော် ဘဒ္ဒန္တကုဏ္ဍလက လည်းကောင်း၊ ဝါဆိုသံဃာတော်များစတင်စခန်းဝင်ရမည့်ရက် ဝါဆိုလဆန်း ၆ ရက်မှ ဝါဆိုလပြည့် (ဇွန် ၃၀ ရက်မှ ဇူလိုင် ၉ ရက်)အထိ မြောက်ဥက္ကလာ ဓမ္မာ့အေးဆရာတော် ဘဒ္ဒန္တဓမ္မသာရက လည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်သည်။ အသေးစိတ်သိလိုပါက အဖွဲ့ချုပ် ဖုန်း-၅၄၁၈၆၀ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



# ကြက်ဆူပင် စိုက်ပျိုး

**မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ကြက်ဆူပင် စပေါင်းစိုက်ပျိုးပွဲတွင် ကြက်ဆူပင်ကို စိုက်ပျိုးပေးစဉ်။**

(သတင်းစဉ်)

# တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် ကြက်ဆူပင်စပေါင်းစိုက်ပျိုးပွဲ တက်ရောက်အားပေး တစ်မြို့နယ်လျှင်တစ်ရွာ စံပြကြက်ဆူပင်စိုက်ပျိုးရေးဆောင်ရွက် ၂၀၀၇–၂၀၀၈ခု စိုက်ပျိုးရန်ပျိုးပင်များ ကြိုတင်စုဆောင်းရေးမှာကြား

ရန်ကုန် ဧပြီ ၂၅

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ကြက်ဆူပင်စပေါင်း စိုက်ပျိုးပွဲကို ဧပြီ ၂၂ရက် နံနက် ၈နာရီတွင် ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံအမှတ် (၁)၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်အားပေးပြီး ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးသည်။**

ရှေးဦးစွာ တိုင်းမှူး၊ မြို့တော်ဝန်နှင့် မန္တလေးတိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး ၏ဇနီး ဒေါ်ခင်ပြုံးဝင်းတို့က သတ်မှတ်နေရာများ၌ ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးပေးပြီးနောက် တက်ရောက်ကြသူများက မန္တလေး မြို့တော်စည်ပင် သာယာရေးကော်မတီ ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံ အမှတ်(၁)အတွင်း မြေကေ ၂၅ ကေ၌ ခြံစည်းရိုး ကြက်ဆူပင် သုံးသောင်းကို တပျော်တပါး စိုက်ပျိုးပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ခြံစည်းရိုးကြက်ဆူပင် စပေါင်းစိုက်ပျိုးမှုတို့ကို လိုက်လံကြည့်ရှု အားပေးပြီး တာဝန်ရှိသူများကို တစ်မြို့နယ်လျှင် တစ်ရွာစံပြ ကြက်ဆူစိုက်ခင်း စိုက်ပျိုးထားရှိရေး ဆောင်ရွက်ရန်နှင့် ၂၀၀၇–၂၀၀၈ခုနှစ် စိုက်ပျိုးရန်အတွက် ပျိုးပင်များ ကြိုတင်စုဆောင်းရေး စီစဉ်ဆောင်ရွက်သွားရန် မှာကြားသည်။

**စီစဉ်ဆောင်ရွက်**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် ၂၀၀၆–၂၀၀၇ ခုနှစ်တွင် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရန် ဧက ၁၀၀လျာထားရာ ယင်းနေ့ စပေါင်းစိုက်ပျိုးမှု ၂၅ ဧက အပါအဝင် စုစုပေါင်း ၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကာ ကျန်ရှိသော ၂၅ ဧက စိုက်ပျိုးရန်ပျိုးပင်များ စုဆောင်းပြီးဖြစ်၍ ဆက်လက်စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့်တိုင်းမှူးနှင့်အဖွဲ့သည် မန္တလေး–ပြင်ဦးလွင်လမ်းမှ ရေတံခွန်တောင်အဝင် လမ်းတစ်လျှောက် လမ်းဘေးဝဲယာ၌ ဆည်တော်ကြီးရေသောက်စနစ်ဖြင့် စိုက်ပျိုးထားရှိသော နွေစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ပုသိမ်ကြီးမြို့နယ်သမ္မတော ကျေးရွာအုပ်စု ကွင်းအမှတ် (၅၄၃/က) သို့ ရောက်ရှိကြသည်။

တိုင်းမှူးနှင့်အဖွဲ့သည် ကွင်းအမှတ် (၅၄၃/က)၌ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနမှ စိုက်ပျိုးထားရှိသော မနောသုခနွေစပါး ၃၇ဒသမ၅၅ ဧက၌ စပါးပင်များဖြစ်ထွန်းမှု၊ ဓာတ်မြေဩဇာပက်ဖျန်း၍ ပေါင်းလိုက် တမန်းနှိုးမှုများကို လည်းကောင်း၊ သမ္မတောကျေးရွာအုပ်စုရှိ မန္တလေး ခရိုင် ရဲတပ်ဖွဲ့၏ နွေစပါးစိုက်ကွင်း ခုနစ်ဧက၌ မနောသုခစပါးမျိုးများ စိုက်ပျိုးထားရှိမှုနှင့် သီးနှံများဖြစ်ထွန်းမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သီတဂူ ရေအလှူတော်မင်္ဂလာသဘင်

**ရန်ကုန် ဧပြီ ၂၅**

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိအဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် အရှင်ဉာဏိဿရ (D-Litt) (Ph.D)၏ ရေအလှူတော်တရားပွဲကို လှိုင်မြို့နယ် ဘူတာရုံလမ်းရှိ ပရဟိတ(ကျား) ကျောင်းတွင် ဧပြီ ၂၉ ရက် (စနေနေ့) ည၇နာရီ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(က–ပ)**

# မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၈ခုနှစ် ဦးတန်ခူးလကွယ်နေ့ (ဥပုသ်နေ့)**

**၂၆–၄–၂၀၀၆ရက် (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ အတီးပြိုင်ပွဲ
၈း၀၅ ၆။ မျိုးမျိုးကြွကြွယဉ်ကျေးမှုအက
၈း၁၅ ၇။ အဆိုပြိုင်ပွဲ
၈း၂၀ ၈။ ဂမုန်းရေလှောင်တမံ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Let's Go
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ Practice in Reading
၁၆း၄၀ ၄။ တေးဂီတအစီအစဉ်
၁၆း၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၇း၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၂၀ ၇။ မြန်မာစာ မြန်မာစကား
၁၇း၃၀ ၈။ သီချင်းကြီးပဒေသာ
၁၇း၄၀ ၉။ **"ဟွန်းသံ"** (ရောနှင့်ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ) (ဒါရိုက်တာ–သက်တင်)
၁၇း၄၅ ၁၀။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈း၀၀ ၁၁။ ညနေခင်းသတင်း
၁၈း၂၀ ၁၂။ မိုးလေဝသအခြေအနေ
၁၈း၂၅ ၁၃။ သုတစုံလင် ရွှေဉာဏ်ရှင်
၁၉း၀၀ ၁၄။ **"အသိစိတ်ကလေး အရင်းတည်၍"** ဖြိုးငွေစိုး၊ ထက်ရှား၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ–ကြည်စိုး)
၁၉း၁၅ ၁၅။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၉း၂၅ ၁၆။ တေးဂီတအစီအစဉ်
၁၉း၃၅ ၁၇။ မြန်မာမှုပန်းဆယ်မျိုး(ပန်းချီ)
၁၉း၄၅ ၁၈။ ရန်ကုန်–ကျောက်ဖြူလမ်းမကြီးဖွင့်ပွဲ(အပိုင်း–၂)
၂၀း၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ ၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအက၊ အရေး၊ အတီးပြိုင်ပွဲ(ရုပ်သေး) **"မင်းကုသဇာတ်တော်ကြီး"** (ရောဝတီတိုင်း)
၂၃။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
၂၄။ နောက်တစ်နေ့အစီအစဉ်
၂၅။ အစီအစဉ်ပြီး၏။

# ငါးပုစွန်ရေထွက်ပစ္စည်းထုတ်လုပ်လျက်ရှိသောလုပ်ငန်းရှင်များ မှတ်ပုံတင်ရန်နှင့် လုပ်ငန်းလိုင်စင်ရယူနိုင်ရေးအသိပေး

**ရန်ကုန် ဧပြီ ၂၅**

ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်စသည့် ပြည်နယ်နှင့် တိုင်းများတွင် ငါးပိ၊ ငါးခြောက်၊ ငါးဆားနယ်၊ ငံပြာရည်၊ ငါးကျပ်တိုက်ခြောက်နှင့် ငါးချဉ်လုပ်ငန်းများကို မိရိုးဖလာနည်းဖြင့် ထုတ်လုပ်ခြင်း၊ ပြည်တွင်းရောင်းဝယ်ခြင်းများကို အဓိကဆောင်ရွက်လျက်ရှိပြီး အချို့လုပ်ငန်းရှင်များက ထုတ်လုပ်သည့် ငါးခြောက်၊ ပုစွန်ခြောက်စသည့် ရေထွက်ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့ရောင်းချလျက်ရှိသည်။ ကျန်ရှိသော ပြည်နယ်၊ တိုင်းများက ပြည်တွင်းစားသုံးရန်အတွက် ထုတ်လုပ်လျက်ရှိရာ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ထုတ်လုပ်နိုင်ရန် အလွန်ပင်အရေးကြီးသည်။ အထူးသဖြင့် ပိတ်ပင်တားမြစ်ထားသော ဓာတုဆေးဝါးများသုံးစွဲနေခြင်း၊ ဓာတုဆေးဝါးများကို မှန်ကန်စွာသုံးစွဲမှုမရှိခြင်း၊ မှိုတက်ခြင်းစသည့် ဘေးအန္တရာယ်များကြောင့် စားသုံးသူများ ဘေးအန္တရာယ်ဖြစ်စေခြင်းကို သုတေသနရလဒ်များအရ သိရှိရသည်။ ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့နှင့် အာဆီယံအဖွဲ့အစည်းက ထုတ်ပြန်ထားသော အစားအစာအန္တရာယ်ကင်းမှုဆိုင်ရာ ကျင့်စဉ်များဖြစ်သည့် ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်(GMP/SSOP) စသည့် လမ်းညွှန်ချက်များကို ရေထွက်ပစ္စည်းထုတ်လုပ်သူများက လိုက်နာကျင့်သုံးခြင်းဖြင့် စားသုံးသူများ ကျန်းမာသက်ရှည်ရန် ရည်ရွယ်၍ ငါးလုပ်ငန်း ဦးစီးဌာနက ပြည်နယ်၊ တိုင်းများတွင် ထုတ်လုပ်လျက်ရှိသော ငါးပိ၊ ငါးခြောက်၊ ငါးဆားနယ်၊ ငံပြာရည်၊ ငါးကျပ်တိုက်ခြောက်၊ ငါးချဉ်လုပ်ငန်းများကို မှတ်ပုံတင်ခြင်းနှင့် လိုင်စင်ထုတ်ပေးခြင်း များကို ဆောင်ရွက်သွားမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းငါးလုပ်ငန်းဦးစီးဌာနများတွင် မှတ်ပုံတင်ခြင်း၊ လုပ်ငန်းလိုင်စင်ရယူပြီး လိုင်စင်ပါ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက အသိပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်ရောက်ရှိ

ရန်ကုန် ဧပြီ ၂၅

**ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့တောင်ဘက် မိုင်၆၅၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။**

**အဆိုပါ မုန်တိုင်းငယ်သည် မြောက် အနောက်မြောက်ဘက်သို့ ရွေ့လျားမည်ဟု ခန့်မှန်းရကြောင်း သက်ဆိုင်ရာက သတင်းရရှိသည်။**

(သတင်းစဉ်)

# ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် သစ်ခွဲစိတ်လည်ပတ်ပုံအဆင့်ဆင့်စစ်ဆေး ဝန်ထမ်းများတာဝန်ကျေပွန်ရေးနှင့် နိုင်ငံတော်အပေါ် သစ္စာရှိရေးမှာကြား

ရန်ကုန် ဧပြီ ၂၅

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၂ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်ရေးဌာန ဒုတိယအထွေထွေမန်နေဂျာရုံးသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများအား ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။**

**ကြည့်ရှုစစ်ဆေး**

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန အမှတ်(၅) သစ်စက်သို့ရောက်ရှိရာ ဒုတိယအထွေထွေမန်နေဂျာ ဦးအေးသန်းက ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များမှာကြားပြီး ခွဲစိတ်ပြီး သစ်ခွဲသားများ၊ သစ်ခွဲစိတ်လည်ပတ်ပုံ အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဝန်ကြီးနှင့်အဖွဲ့သည် မုဒုံမြို့ ခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်သို့ရောက်ရှိရာ သစ်တောဦးစီးဌာန ဝန်ထမ်းများက စိုက်ပျိုးအောင်မြင်မှုကို လက်တွေ့သရုပ်ပြသသည်။ ထို့နောက် ဝန်ကြီးနှင့်တာဝန်ရှိသူများက မျိုးစေ့နှင့် ကိုင်းတက်များကို ပျိုးထောင်ပေးကြပြီး ခြံစည်းရိုး ကြက်ဆူပင်များကို စိုက်ပျိုးပေးသည်။

**ရှင်းလင်းပြောကြား**

ဝန်ကြီးသည် ညနေပိုင်းတွင် သစ်ထုတ်ရေး ဒုတိယအထွေထွေ မန်နေဂျာရုံး၌ သစ်တောရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများအား သစ်တောရေးရာ ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ၊ တရားမဝင်သစ်တားဆီးကာကွယ် ရေး၊ လာဘ်ပေးလာဘ်ယူမပြုလုပ်ရေး၊ တာဝန်ကျေပွန်စွာဆောင်ရွက်ရေး၊ နိုင်ငံတော်အပေါ် သစ္စာရှိရေးကိစ္စတို့ကို ရှင်းလင်းပြောကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဧပြီ ၂၃ ရက်တွင် ကော့ကရိတ်မြို့ သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးသို့ရောက်ရှိရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦးက ကြိုးဝိုင်းများအခြေအနေကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဝန်ကြီးသည် ဧပြီ ၂၄ ရက် နံနက်ပိုင်းတွင် နယ်မြေခံတပ်မမှူးနှင့် ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးတို့သည် ဘားအံမြို့ ကြက်ဆူပျိုးဥယျာဉ်သို့ရောက်ရှိ၍ ကြက်ဆူပင်ငါးသိန်းပျိုးထောင်ပေးပြီး ဌာနအလိုက်လုပ်ငန်းဆောင်ရွက်နေခြင်းများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ဘားအံမြို့ ကရင်ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံးသို့ ရောက်ရှိပြီး သစ်တောရေးရာ ဝန်ကြီးဌာနအတွင်းမှ ဝန်ထမ်းများအား အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် သထုံမြို့ သစ်တောဦးစီးဌာန မြို့နယ်ဦးစီးအရာရှိရုံးသို့ သွားရောက်ပြီး ဝန်ကြီးက မြို့နယ်အတွင်းရှိ ဝန်ထမ်းများအား လိုအပ်သည်များကို မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ကျိုက်ထိုမြို့ ဌေးကုမ္ပဏီသစ်ဆိပ်နှင့် ရဲထွန်းကုမ္ပဏီသစ်ဆိပ်သို့ ရောက်ရှိပြီး သစ်ရောက်ရှိမှုအခြေအနေကိုကြည့်ရှုသည်။ ထို့နောက် ရှင်းလင်းဆောင်၌ ဒေသသစ်ထုတ်ရေး လက်ထောက်အထွေထွေမန်နေဂျာ ဦးရှိန်ဟန်က သစ်ဆိပ်ရှိသစ်များနှင့် သစ်ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီနှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Viset Choopiban တို့ ကျိုက်ထီးရိုးစေတီတော်တွင် နေရောင်ခြည်စွမ်းအင်အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပူဇော်သုံးစွဲရန်အတွက် စီမံကိန်းတည်ဆောက်မည့်မြေနေရာ၌ အုတ်မြစ်ချခြင်း အခမ်းအနားသို့ တက်ရောက်စဉ်။ (စွမ်းအင်)

# နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်ယူပြီး ကျိုက်ထီးရိုးစေတီတော်အား မီးပူဇော်မည်

ရန်ကုန် ဧပြီ ၂၅

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီအား ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Viset Choopiban ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၂၃ ရက်က ရန်ကုန်မြို့ ပြည်လမ်းရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးသို့ လာရောက်တွေ့ဆုံသည်။**

## ပြန်လည်ပေးအပ်

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး H.E. Mr. Viset Choopiban နှင့် နှစ်နိုင်ငံ စွမ်းအင်ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများသည် ယင်းနေ့တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးစေတီတော်သို့ သွားရောက်ကြပြီး ဧပြီ ၂၄ ရက် နံနက်ပိုင်းတွင် ကျိုက်ထီးရိုးစေတီတော်အား ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးက ဂေါပကအဖွဲ့သို့ ကျိုက်ထီးရိုးစေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းပြီး ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီက ကျိုက်ထီးရိုးစေတီတော်ပုံတော်များကို ဓမ္မဒါန အဖြစ် ပြန်လည်ပေးအပ်သည်။

ရောဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု မဟာဗျူဟာ အစီအစဉ်အရ ကျိုက်ထီးရိုးစေတီတော်အား နေရောင်ခြည်စွမ်းအင် အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပူဇော်သုံးစွဲခြင်း စီမံကိန်းနှင့် သက်ဆိုင်သည့် အထောက်အကူပြုပစ္စည်းများလွှဲပြောင်း ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၂၄ ရက် နံနက် ၈နာရီတွင် စေတီတော်ရင်ပြင်ရှိ ဆီမီးကိုးထောင် အာရုံခံ တန်ဆောင်း၌ ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Viset Choopiban၊ နယ်မြေခံတပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်၊ နှစ်နိုင်ငံ စွမ်းအင်ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## လွှဲပြောင်းပေးအပ်

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Viset Choopiban တို့က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ထိုင်းနိုင်ငံ Department of Alternative Energy Developme- nt and Efficiency မှ ညွှန်ကြား ရေးမှူးချုပ် Mrs. Siriporn Sailasuta က စီမံကိန်းနှင့်သက်ဆိုင်သည့် အထောက်အကူပြု ပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ စေတီတော် ဂေါပကအဖွဲ့က လက်ခံသည်။

ယင်းနောက် ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် စီမံကိန်းတည်ဆောက်မည့် မြေနေရာသို့ သွားရောက်ကြသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ၏ ပရိတ်တရားတော်များကို နာကြားကြ၍ ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Viset Choopiban နှင့် တာဝန်ရှိသူများသည် မင်္ဂလာအချိန်တွင် စီမံကိန်းတည်ဆောက်မည့်မြေနေရာ၌ အုတ်မြစ်ချခြင်း အခမ်းအနားကို ဆောင်ရွက်ပေးကြပြီး အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနက ဦးဆောင်၍ ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနနှင့် အခြား စွမ်းအင်ဖွံ့ဖြိုးရေးနှင့် ထိရောက်စွာ အသုံးချရေးဌာန (Department of Alternative Energy Development and Efficiency-DEDE) တို့ ပူးပေါင်းကျင်းပသည့် ရောဝတီ-ကျောက်ဖရား- မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအစီအစဉ်အရ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍနှင့် စွမ်းအင် ချွေတာရေးဆိုင်ရာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် နေရောင်ခြည်စွမ်းအင်ကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်ယူပြီး မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးစေတီတော်အား မီးပူဇော်သုံးစွဲခြင်းစီမံကိန်းကိုအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ပိုင်းမော်မြို့ ဘဏ်ခွဲအဆောက်အအုံသစ်ဖွင့်ပွဲတက်ရောက်

ရန်ကုန် ဧပြီ ၂၅

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းတို့သည် မြန်မာ့စီးပွားရေးဘဏ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဧပြီ ၂၂ရက်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်း၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် ပင်စင်ဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံရာ ဌာနအသီးသီးတို့မှတာဝန်ခံအရာရှိများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ရှေ့ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက သတ်မှတ်ထားသည့်လျာထားချက်များ ပြည့်မီ ကျော်လွန်စေရေး အထူးဂရုစိုက်ဆောင်ရွက်ကြရန်နှင့် ဒေသအကျိုး၊ တိုင်းပြည်အကျိုး ပိုင်းဝန်းဆောင်ရွက်သွားကြရန် မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် မြစ်ကြီးနားမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်း၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် ပင်စင်ဦးစီးဌာနတို့သို့ သွားရောက်ကြည့်ရှု စစ်ဆေးကြပြီး လုပ်ငန်းဆိုင်ရာများကို မှာကြားကြသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် ပိုင်းမော်မြို့ ဘဏ်ခွဲအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၃ ရက်တွင် ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ တက်ရောက်ကြသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မြစ်ကြီးနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်တို့က ဖဲကြိုးဖြတ်၍ အဆောက်အအုံသစ်ကို ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ မြန်မာ့စီးပွားရေးဘဏ် ပိုင်းမော်မြို့ ဘဏ်ခွဲအဆောက်အအုံသစ်ဆိုင်းဘုတ်ကို တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတို့က နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးကြသည်။

**(သတင်းစဉ်)**

## ✡ ကျောဖုံးမှ

ထို့နောက်တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ညနေ ၆ နာရီတွင် နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မသီရိအား သွားရောက်ဖူးမြော် ကန်တော့၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

## တွေ့ဆုံ

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ညပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ရွှေတြိဂံရိပ်သာ၌ သာသနာ့နုဂ္ဂဟ အသင်းအဖွဲ့များအား တွေ့ဆုံသည်။

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် အဖွဲ့ဝင်များသည် ဧပြီ ၂၃ရက် နံနက် ၆နာရီခွဲတွင် ကျိုင်းတုံမြို့ တောင်တန်းသာသနာပြု(ဗဟို)ကျောင်း၌ တာချီလိတ်(ဗဟို) သာသနာပြုဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရေဝတ၊ ကျိုင်းတုံမြို့ ဗဟိုသာသနာပြုဆရာတော် ဘဒ္ဒန္တတေဇနိယနှင့် ဘဒ္ဒန္တပညာနန္ဒတို့အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကာ သာသနာရေးဆိုင်ရာများလျှောက်ထားသည်။

## အမှာစကားပြော

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့မှ မိုင်းပျင်းမြို့သို့ ရောက်ရှိပြီး မိုင်းပျင်းမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းခန်းမ၌ ဌာနဆိုင်ရာများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် မိုင်းပျင်းမြို့မှ လူပုဂ္ဂိုလ် သာသနာပြုများနှင့် တွေ့ဆုံ၍ သာသနာရေးဆိုင်ရာများ ဆွေးနွေးကာ လိုအပ်သည်များအား မှာကြားသည်။ ထို့နောက် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန် ဆေးဝါးများလှူဒါန်းသည်။

## ဖူးမြော်ကြည်ညို

ဝန်ကြီးသည် ဧပြီ ၂၄ ရက်တွင် မဟာမြတ်မုနိဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ဆီမီး၊ အမွှေးတိုင်နှင့် ရွှေသင်္ကန်းများကို ဆက်ကပ်လှူဒါန်းပူဇော်သည်။

ဆက်လက်၍ ဝန်ကြီးသည် မဟာမြတ်မုနိဘုရားကြီး ဝေယျာဝစ္စအတွက် အလှူငွေများကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏စီစဉ်မှုဖြင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ(၁/၂၀၀၆)နှင့် စာကြည့်တိုက်လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို မတ် ၂၃ ရက်က ရွှေပေါက်ကံမြို့သစ် (၁၅)ရပ်ကွက် လူငယ်အားမာန်သုတဘဏ် စာကြည့် တိုက်တွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ရီရီရှိန်က ရှင်းလင်းဆွေးနွေးစဉ်။**

(မြို့နယ်ပြန်/ဆက်)

# ဗုဒ္ဓါနုဿတိအဓိဋ္ဌာန်ပွဲနှင့် ဓာတ်ကြီးလေးပါး ဆွမ်းကပ်လှူမည်

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံဆံတော်ရှင်စေတီတော် အရှေ့ဘက် သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်ကြီး၌ တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပသော သတ္တဌာန ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ကိုးရက်စခန်း အဓိဋ္ဌာန်ပွဲကြီးနှင့် သတ္တဌာနဗုဒ္ဓဘုရားရှင်များအား ဓာတ်ကြီးလေးပါးဆွမ်းများ ဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၈ခုနှစ် ကဆုန်လဆန်း ၆ ရက်မှ ၁၄ ရက် (မေ၂ရက်မှ ၁၀ရက်)အထိ ကိုးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ လယ်တီဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကျောင်းတိုက်ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တအာသဘအရှင်သူမြတ်က တရားတော်များ ဟောကြားမည်ဖြစ်သည်။

ယင်းသတ္တဌာန ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းအဓိဋ္ဌာန်ပွဲကို နေ့စဉ်ညနေ ၅နာရီတွင်လည်းကောင်း၊ သတ္တဌာန ဗုဒ္ဓဘုရားရှင်တို့အား ဓာတ်ကြီးလေးပါးဆွမ်းများကို နေ့စဉ် နံနက် ၆နာရီခွဲတွင်လည်းကောင်း ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ရာ လှူဒါန်းလိုသော အလှူရှင်များသည် ကျောင်းတိုက်ဖုန်း- ၅၆၀၇၁၀ သို့ ဆက်သွယ်စာရင်းသွင်း လှူဒါန်းနိုင်ကြောင်းသိရသည်။ **(ဝ၅၂)**

**သစ်တောထိန်းသိမ်း တောတွေစိမ်းမှ**

**ချမ်းမြေ့ပြည်ရွာ နိုင်ငံသာ၏။**



တရားသူကြီးချုပ် ဦးအောင်တိုး ဦးဆောင်သောအဖွဲ့ဝင်များနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ်ဥက္ကဋ္ဌ H.H.Mr. Vyacheslav M. Lebedev နှင့် အဖွဲ့ဝင်များ နှစ်နိုင်ငံ တရားစီရင်ရေးကိစ္စရပ်များကို ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

# တရားသူကြီးချုပ်ဦးအောင်တိုးနှင့် ရှေ့နေချုပ်ဦးအေးမောင်တို့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ်ဥက္ကဋ္ဌတွေ့ဆုံ

ရန်ကုန် ဧပြီ ၂၅

**တရားသူကြီးချုပ် ဦးအောင်တိုး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ အလည်အပတ်ရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ်ဥက္ကဋ္ဌ H.H.Mr. Vyacheslav M. Lebedev ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက်၁၀နာရီခွဲတွင် ရန်ကုန်မြို့ရှိ တရားသူကြီးချုပ်၏ ဧည့်ခန်းမဆောင်သို့လာရောက်၍ တရားသူကြီးချုပ် ဦးအောင်တိုးအား တွေ့ဆုံသည်။**

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Oleg V Kabanov တရားရုံးချုပ် ညွှန်ကြားရေးမှူးချုပ် ဦးစိုးညွှန့်နှင့် ညွှန်ကြားရေးမှူး ဦးထင်ဇော်တို့ တက်ရောက်ကြသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ်ဥက္ကဋ္ဌသည် ရှေ့နေချုပ်၏ ဧည့်ခန်းမဆောင်သို့ သွားရောက်၍ ရှေ့နေချုပ် ဦးအေးမောင်အားတွေ့ဆုံသည်။ **(ယာပုံ)** ထိုသို့တွေ့ဆုံရာတွင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့် ရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

## ကပ်လှူပူဇော်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့သည် ရန်ကုန်တိုင်း တရားသူကြီး ဦးအောင်ငွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် နံနက် ၇နာရီခွဲတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြရာ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်ဦးဘရွှေနှင့်တာဝန်ရှိသူများက ကြိုဆိုကြပြီး ဧည့်သည်တော်နှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လှည့်လည်ကြည်ညိုကြကာ ပန်း၊ဆီမီး၊အမွှေးနံ့သာများဖြင့် ကပ်လှူပူဇော်ကြသည်။

ထို့နောက် ဧည့်သည်တော်နှင့်အဖွဲ့သည် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်အား ကြည်ညို၍ သာလွန်မင်းခေါင်းလောင်းတော်ကိုကြည့်ရှုလေ့လာပြီး ထီးတော်စေတီတော်ကို ကြည်ညိုကြသည်။ဆက်လက်၍ဧည့်သည်တော် ရုရှား ဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ်ဥက္ကဋ္ဌသည် ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး ဧည့်သည်တော်နှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ မော်ကွန်းဓာတ်ပုံပြခန်းကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

## ကြည့်ရှုလေ့လာ

ထိုမှတစ်ဆင့် ဧည့်သည်တော်နှင့်အဖွဲ့သည် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မြန်မာနိုင်ငံမူးယစ်ဆေးဝါး ပပျောက်ရေး အထိမ်းအမှတ်ပြတိုက်သို့ရောက်ရှိကြပြီး ပြတိုက်အတွင်းပြသထားသော ပြကွင်း၊ ပြကွက်များကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဧည့်သည်တော်နှင့်အဖွဲ့သည် ရန်ကုန်မြို့ရှိ တရားရုံးချုပ် အစည်းအဝေးခန်းမ၌ တရားသူကြီးချုပ် ဦးအောင်တိုး ဦးဆောင်သောအဖွဲ့နှင့် တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် ဧည့်သည်တော်နှင့်အဖွဲ့သည် ရန်ကုန်မြို့ရှိ တရားရုံးချုပ် ရုံးခန်းအမှတ်(၁)၌ တရားရုံးချုပ် တရားသူကြီး ဦးချစ်လွင်၏ ရုံးထိုင်ကြားနာသည်ကို ကြည့်ရှုလေ့လာကြသည်။

ဧည့်သည်တော်နှင့် အဖွဲ့အား တရားသူကြီးချုပ် ဦးအောင်တိုးက ညနေ ၆နာရီခွဲတွင် ကရဝိက်နန်းတော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဗဟိုသမကောလိပ်(ဖောင်ကြီး) ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် ဧပြီ ၂၅**

ဗဟိုသမဝါယမကောလိပ် (ဖောင်ကြီး) ၁၉၉၄ မှ ၂၀၀၅ ကျောင်းသူကျောင်းသားဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မေ၁ရက်(အလုပ်သမားနေ့)တွင် ကျင်းပမည်ဖြစ်ရာ လိုက်ပါလိုသော ကျောင်းသားဟောင်းများသည် မြို့တော်ခန်းမရှေ့ နံနက် ၈ နာရီတွင် ထွက်ခွာမည်ဖြစ်ပြီး၊ လှည်းတန်း၊ ရှစ်မိုင်၊ စော်ဘွားကြီးကုန်း၊ မင်္ဂလာဒုံနှင့် ထောက်ကြန့်၊ လှည်းကူး၊ တာဆုံ မှတ်တိုင်များတွင် စောင့်၍ လိုက်ပါနိုင်ကြောင်းနှင့် ဆက်သွယ်လိုပါက ကိုစည်သူမော် ဖုန်း-၀၉-၅၀၀၈၄၂၅ နှင့် ကိုငွေးဝင်း ဖုန်း-၀၉-၅၀၀၇၅၁၈ တို့ကို ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**



## ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း နွေရာသီယဉ်ကျေးမှုသင်တန်းဖွင့်

**ရန်ကုန် ဧပြီ ၂၅**

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ နွေရာသီယဉ်ကျေးမှုသင်တန်းနှင့် နဝမတန်း၊ ဒသမတန်း သင်တန်းဖွင့်ပွဲကို ဧပြီ၂၃ရက်က အဆိုပါဘုန်းတော်ကြီးသင်ပညာရေးကျောင်း မဟာဓမ္မသုခဗိမာန်တော်အပေါ်ထပ်၌ကျင်းပရာ ပန်းတစ်ပွင့်တောင်တောရ သာသနာပြုကျောင်းတိုက်နာယကချုပ် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရ (ပန်းတစ်ပွင့်တောင်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ကျောင်းအုပ်ဆရာတော်) တာဝန်ခံဆရာတော် ဦးဉာဏိသရနှင့်သင်တန်းနည်းပြဆရာတော်များ၊ သင်တန်းပြ ဆရာဆရာမများ မှော်ဘီမြို့ အမှတ်(၁)အခြေခံပညာအထက်တန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ကြည်နှင့်ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

### ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ပန်းတစ်ပွင့်တောင်ဆရာတော်သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရမှ ဩဝါဒချီးမြှင့်ပြီး တာဝန်ခံဆရာတော် ဦးဉာဏိသရကသင်တန်းစည်းကမ်းများ ရှင်းလင်းပြောကြားကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ကြည်က ကျောင်းသားကျောင်းသူများကို ဆုံးမစကားပြောကြားပြီး အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းသည်။

ထို့နောက် နဝမတန်းနှင့်ဒသမတန်းတက်ရောက်သည့် ရပ်ဝေးရပ်နီးမှ ကျောင်းသားကျောင်းသူ ၁၇၁ဦးတို့အား ကာလတန်ဖိုးကျပ် ၉၄၀၅၀ရှိ စာရေးကိရိယာများကို ပန်းတစ်ပွင့်တောင် ဆရာတော်က အခမဲ့တစ်ဦးချင်း ပေးအပ်သည်။ **(အပေါ်ပုံ)**

### ဆက်သွယ်လှူဒါန်းနိုင်

ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် နွေရာသီ နဝမတန်း၊ ဒသမတန်းနှင့် ယဉ်ကျေးမှုသင်တန်း၌ ကျောင်းသား ကျောင်းသူ ၂၅၁ဦးအခမဲ့ သင်ကြားလျက်ရှိရာ ဆရာတော်က စရိတ်ငြိမ်းထောက်ပံ့လျက်ရှိပြီး ကျောင်းရှိ သံဃာများအပါအဝင် အရုဏ်ဆွမ်းတစ်နပ်ကျပ်၆၀၀၀၀၊ နေ့ဆွမ်းတစ်နပ်ကျပ်၁၅၀၀၀၀၊ကျောင်းသားကျောင်းသူများညစာတစ်နပ်ကျပ်၅၀၀၀၀နှင့် စာရေးကိရိယာများလှူဒါန်းလိုသူများသည် ဒေါ်တင်တင်ဝင်း ဖုန်း-၆၄၀၁၈၀၊ ဦးကျော်ဝင်း ဖုန်း-၆၄၂၆၂၅၊ ဦးအောင်မျိုး ဖုန်း-၀၉-၅၀- ၁၅၅၂၀၊၀၉-၅၁-၂၅၅၂၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(၀၄၆)**



# မြန်မာနိုင်ငံအာဆီယံအမျိုးသမီးများချစ်ကြည်ရေးအသင်း လှည်းကူးမြို့နယ် နိုဖာထောကျေးရွာ မူလတန်းကျောင်းသို့ငွေလှူဒါန်း

ရန်ကုန် ဧပြီ ၂၅

**မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများချစ်ကြည်ရေးအသင်းက လှည်းကူးမြို့နယ် ဆာဘူးတောင်းကျေးရွာအုပ်စု နိုဖာထောကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းသို့ အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ ကျင်းပသည်။**

ယင်း အခမ်းအနားသို့ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယက အဖွဲ့ဝင်များ ဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်မြင့်မြင့်စိုး၊ ဒုတိယဝန်ကြီး ဦးမောင်မြင့်၏ဇနီး ဒေါက်တာ ဒေါ်ခင်မြဝင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်း၏ဇနီး ဒေါ်သဇင်နွယ်၊ အလုပ်အမှုဆောင် အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၏ ဇနီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံသံအမတ်ကြီးနှင့်အာဆီယံနိုင်ငံသံရုံးများမှ သံအမတ်ကြီးများ၏ ဇနီးများ၊ ပညာရေး ဝန်ကြီးဌာန အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ရှင်းလင်းပြောကြား

ရှေးဦးစွာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mme Phoebe A. Gomez က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

### ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းက နိုဖာထောကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းသို့ ငွေကျပ်၁၀သိန်းကို ပေးအပ်လှူဒါန်းရာ အမှတ်(၃) အခြေခံပညာ ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးအေးကြူ**(အောက်ပုံ)**က လက်ခံပြီး အဆိုပါကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြောကြားသည်။ **(သတင်းစဉ်)**




## မိုးကုတ်တရားစခန်း ဓမ္မခရီးစဉ်များ

**ရန်ကုန် ဧပြီ ၂၅**

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တတေဇိန္ဒ(B.Sc, Phy)သည် ဧပြီ၂၇ရက်မှမေ၃ရက်အထိ ပုပ္ပားမြို့၌လည်းကောင်း၊မေ၃ရက်မှ၁၉ရက်အထိ ဥသျှစ်ပင်မြို့၌လည်းကောင်း၊ မေ၂၅ရက်မှ၃၁ရက်အထိ ကျောက်မဲမြို့၌ လည်းကောင်း၊ ဇွန်၂ရက်မှ၈ရက်အထိ မိုင်းငေါ့မြို့၌လည်းကောင်း၊ ဇွန်၁၀ရက်မှ ၁၄ရက်အထိ သီပေါမြို့၌လည်းကောင်း၊ ဇွန်၁၆ရက်မှ ၂၂ရက်အထိ နမ္မတူမြို့၌လည်းကောင်း၊ ဇွန်၂၄ရက်မှ၃၀ရက်အထိ ဝေဇယန္တာကျောင်း ခက်သင်ရွာ စဉ့်ကူးမြို့ မန္တလေးတိုင်း၌လည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# (၁၃)နှစ်အောက် ပြည်နယ်/ တိုင်းဘောလုံးပြိုင်ပွဲ ရန်ကုန်တိုင်းအသင်း အုပ်စုပထမဖြင့် ကွာတားတက်

**ရန်ကုန် ဧပြီ ၂၅**

(၉)ကြိမ်မြောက် အသက်(၁၃)နှစ်အောက် ပြည်နယ်နှင့်တိုင်း လူငယ်ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုအမှတ်ပေး နောက်ဆုံးပွဲစဉ်များကို ယနေ့ညနေပိုင်းက အောင်ဆန်းအားကစားပြိုင်ကွင်းနှင့် တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်းတို့၌ ဆက်လက်ကျင်းပသည်။

တောင်ဥက္ကလာပမြို့နယ် ပဒေသာ အားကစားကွင်း၌ ရန်ကုန်တိုင်းအသင်းနှင့် မကွေးတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ ရန်ကုန်တိုင်းအသင်းက ရှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ရန်ကုန်တိုင်းအသင်းအတွက် အနိုင်ဂိုးများကို ဖြိုးပြည့်စုံက လေးဂိုး၊ ရဲထွဋ်၊ သန်းထက်အောင်၊ ဆန်းဦးနှင့် ဖြိုးမောင်မောင်ကျော်တို့က တစ်ဂိုးစီ သွင်းယူပေးသည်။

### အုပ်စုပထမ

ပွဲစဉ်အလိုက် အကောင်းဆုံးဘောလုံးသမားဆုကို ရန်ကုန်တိုင်းအသင်းမှ ကျော်နံပါတ်၁၄ ဖြိုးပြည့်စုံက ရရှိသည်။ ရန်ကုန်တိုင်းအသင်းသည် ယနေ့ပွဲ အနိုင်ရရှိသဖြင့် သုံးပွဲကစား၊ သုံးပွဲနိုင် ကိုးမှတ်ရရှိပြီး အုပ်စုပထမဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

### ကွာတားဖိုင်နယ်

ပထမအဆင့် အုပ်စုအမှတ်ပေးပွဲစဉ်များပြီးဆုံးသွားပြီဖြစ်ရာ ဒုတိယအဆင့်ရှုံးထွက် (ကွာတားဖိုင်နယ်) ပွဲစဉ်များကို ဧပြီ၂၇ရက်မှ စတင်၍ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ထူးကဲမွန်မြတ်လှသော ထာဝရအလှူ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ မြို့ပတ်လမ်းကို စာရေးသူ တစ်ပတ် ပတ်ကြည့်မိပါ၏။ အချိန်ကာလအားဖြင့် ငါးလကျော် ကင်းကွာနေသည့်အတွက် မြို့ပြအလှတည်ဆောက်မှုမြင်ကွင်းများကို ဒေသခံ မြို့မိမြို့ဖ တစ်ဦးနှင့်အတူ လှည့်လည်လေ့လာမိခဲ့သည်။

အမှတ်(၄)ရပ်ကွက်ရှိ မြို့ပတ်လမ်း ပြည်နယ် ဆည်မြောင်း ဦးစီးဌာနရုံးနားသို့ ရောက်တော့ စာရေးသူ၏မိတ်ဆွေသည် သူ၏ ဆိုင်ကယ်ကိုထိုးရပ်ကာ ဒီနေရာပဲလေ၊ အကျယ်အဝန်းက ၃ဒသမ၈၈ ဧကရှိပါတယ်။ ဒီမြေနေရာမှာပဲ ဘိုးဘွားရိပ်သာဆောက်မယ်လို့ သတင်းကြားသိရတယ်။ အဘိုး ၂၅ ဦး၊ အဘွား ၂၅ ဦး တည်းခိုနားနေမယ့် ဘိုးဘွားရိပ်သာဆောက်မယ်။ ကုန်ကျငွေကတော့ သိန်းတစ်ထောင် ကျော်ရှိမယ်လို့ ကြားသိရတယ်။ တိုင်းမှူး ဗိုလ်ချုပ် မင်းအောင်လှိုင်ရဲ့ အစီအစဉ်ပေါ့ခင်ဗျာ၊ ကျွန်တော်တို့ ဒေသခံပြည်သူတွေကလည်း အလှူငွေထည့်ကြမယ်။ ဌာနဆိုင်ရာတွေကလည်း အလှူငွေထည့်ကြမယ်ဟု ဆိုပါ၏။

စာရေးသူသည် ကျိုင်းတုံမြို့ပတ်လမ်းရှိ ဘိုးဘွားရိပ်သာဆောက်လုပ်မည့် မြေနေရာလေးကို ငေး၍ကြည့်မိပါ၏။ ထိုမှတစ်ဆင့် ဆောင်းပါးရှင်တစ်ဦး၏ "သက်ကြီးရွယ်အို နေလည်းညိုပေါ့ ကွန်းခိုနားရာ မရှိပါမို့ ဘိုးဘွားရိပ်သာ သဒ္ဓါအားဖြင့် ဒို့များဝိုင်းလို့ တည်ဆောက်ကြပါစို့"ဟူသော နှိုးဆော်တိုက်တွန်းထားသည့် စာသားလေးကို ပြေး၍ သတိရမိပါ၏။

စာရေးသူအသက်သည်ပင် မကြာမီ အသက် ၆၀ ထဲဝင်လာပါတော့မည်။ ဇရာ၏သဘောကို ကျွန်တော်စတင်ရရှိနေပြီဖြစ်ပါ၏။ ဆံစတွေဖြူဖွေးနေပြီး အစားအသောက် အနေအထိုင်နှင့် စိတ်ဓာတ်ကိုပါ စိတ်လိုက်မာန်ပါ လှုပ်ရှားဆောင်ရွက်မှု မှန်သမျှကို သိသိသာသာ ပြောင်းလဲနေထိုင် ကျင့်ကြံရပါ၏။ သည်းခံမှုခွင့်လွှတ်မှုများနှင့်အတူ မေတ္တာပို့သရင်းဖြင့် စိတ်ပိုင်းဆိုင်ရာ ကြည်နူးမှုကို ရှာဖွေရပါ၏။

အထူးသဖြင့် ဘိုးဘွားရိပ်သာတည်ဆောက်ရန်စိတ်မနောရှိခြင်း၊ ထိုစိတ်မနောကို အကောင်အထည်ဖော်ခြင်း၊ အဆိုပါဘိုးဘွားရိပ်သာ အဆောက်အအုံကြီး ရုပ်လုံးပေါ်စေရန်အတွက် သန့်စင်သော မနောစိတ်ဆန္ဒဖြင့် လှူဒါန်းခြင်း၊ စည်းရုံးခြင်း၊ ဆွေးနွေးဟောပြောခြင်းတို့သည် ယခုလက်ရှိဘဝတွင်သာမက နောင်တမလွန်ဘဝထက်တိုင် ကောင်းကျိုးမင်္ဂလာအဖြာဖြာရရှိကြောင်း ရှေးစာဆို ပညာရှိတို့က ဟောပြောဆုံးမ မိန့်ဟဖူးခဲ့ကြသည်။

ထို့အပြင် ဘိုးဘွားရိပ်သာတည်ဆောက်လှူဒါန်းရသောကုသိုလ်သည် ထူးကဲမွန်မြတ်သော ထာဝရအလှူဖြစ်ပါ၏။ ဗုဒ္ဓမြတ်စွာဘုရားက ထာဝရ အကျိုးဖြစ်သော အလှူခြောက်မျိုးကို ဟောကြားခဲ့ပါ၏။

- သစ်သီးအရန်၊ ပန်းအရန် စိုက်ပျိုးလှူဒါန်းခြင်း၊
- အရိပ်ကောင်း ဖြစ်ထွန်းရရှိပါစေဟူသော စေတနာဖြင့် သစ်ပင်စိုက်ပျိုး လှူဒါန်းခြင်း၊
- တံတားခင်း၍ လှူဒါန်းခြင်း၊
- ရေအိုးစင်တည်ထားလှူဒါန်းခြင်း၊
- ရေတွင်း၊ ရေကန်၊ ဆည်မြောင်းစသည်တူးဖော်၍ လှူဒါန်းခြင်း၊
- ကျောင်း၊ ပြာသာဒ်၊ ဇရပ်၊ တန်ဆောင်း၊ အဆောက်အအုံ စသည်တို့ကို လှူဒါန်းခြင်းဟူ၍ဖြစ်ပါသည်။

ဘိုးဘွားတို့အတွက် သဒ္ဓါကြည်ဖြူ အဆောက်အအုံလှူဒါန်းရခြင်းသည် ထာဝရကုသိုလ်ဖြစ်နေသော အလှူဖြစ်ပါသည်ဟု ညွှန်းဆိုချင်ပါသည်။

ကျွန်တော်တို့လူ့ဘဝရောက်လာရခြင်းမှာ လူ့ဘဝကိုရထိုက်သော ကုသိုလ်စိတ်များကြောင့် ရောက်လာရခြင်းဖြစ်ပါသည်။ ကုသိုလ်ကြောင့် ရောက်လာရသောဘဝမှာ ကုသိုလ်တွေဆက်ပြုမှ ဘဝသည် တစ်ဆင့်ထက်တစ်ဆင့် မြင့်သည်ထက်မြင့်သွားမည် ဖြစ်ပါသည်။ အလှူဒါန ကုသိုလ်တွေ ဆက်ပြုရမည်။ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တွေကိုလည်း ဆက်ပြုကြရမည်။

ဆိုလိုသည်မှာ ကုသိုလ်ဆက်ပြတ်သွား၍မဖြစ်၊ ကုသိုလ်တရားနှင့်ပတ်သက်၍ ပုဂ္ဂိုလ်လေးမျိုးကို ဗုဒ္ဓမြတ်စွာက ဟောကြားခဲ့ပါ၏။ အမှောင်မှလာ၍ အမှောင်သို့ပြန်သွားသူ၊ အလင်းမှလာ၍ အမှောင်သို့သွားသူ၊ အမှောင်မှလာ၍ အလင်းသို့သွားသူ၊ အလင်းမှလာ၍ အလင်းသို့သွားသူဟူ၍ ဖြစ်ပါသည်။

သာသနာရောင်ဝါထွန်းလင်းသော လူ့ဘုံလူ့ဘဝသို့ စာရေးသူတို့ ဘယ်ဘဝ ဘယ်နေရာကများ ရောက်လာခဲ့ကြပါသနည်း၊ အမှောင်ဘဝ အပယ်ဘုံဘဝကများ ရောက်လာခဲ့ကြပါသလား။

အလင်းဘုံဘဝဌာနေ သုဂတိဘဝတွေက လာခဲ့ကြသလား။ နောက်ပြီး ဘယ်ကို ပြန်သွားကြမလဲ၊ အမှောင်သို့လား၊ အလင်းသို့လား လူ့ဘုံလူ့ဘဝမှာ ကုသိုလ်ကောင်းမှုတွေပြုကြရင်တော့ အလင်းဆိုသည့် သုဂတိ ဘုံဌာနတွေကို ရောက်ကြမှာပါပဲ။

ကုသိုလ်ကံကြောင့် ရောက်လာတဲ့ အလင်းဘဝ လူ့ဘုံဌာနမှာ မေ့မေ့ လျော့လျော့နေပြီး ကုသိုလ်ကောင်းမှုတွေ မပြုကြဘူးဆိုရင်တော့ အမှောင်ဌာန အပယ်လေးဘုံဘဝတွေကို ရောက်ကြတော့မှာပဲ။

အဲဒီလိုမျိုးဆိုရင်တော့ လူ့ဘဝရလာတာ သိပ်ရှုံးတယ်၊ လူဖြစ်ရှုံးပြီဟု ဆောင်းပါးရှင် တက္ကသိုလ်လှမောင်က"ထာဝရအလှူ"ဟူသော ဆောင်းပါးတစ်ပုဒ်တွင် ရေးသားခဲ့သည်ကို ပြန်လည်တွေးမိပါ၏။

အလှူအတန်းပြုရာတွင် အချိန်ကာလအလျောက် လှူဒါန်းသည်ကို ကာလဌာနဟုခေါ်ပါသည်။ ယခုဘိုးဘွားရိပ်သာများသည် ရှင်လူအပေါင်း၏ လှူဒါန်းမှုလိုအပ်နေသော နေရာဖြစ်ပါသည်။ ဘိုးဘွားရိပ်သာများသည် ကျွန်တော်တို့အတွက်–

- သံဝေဂပွားများရန်နေရာ၊ သတိတရားရရန်ဌာန
- စာနာထောက်ထားအကြင်နာပွားရန်နေရာ
- ဒါနပြုရန်နေရာ
- ကုသိုလ်ယူဘာဝနာပွားရန်နေရာ
- မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းရင်း မေတ္တာဓာတ်ကို လွှမ်းပတ်မည့်နေရာ
- ကိုယ်ပွားမိဘများအဖြစ် မှတ်ယူလျက် ကျေးဇူးဝတ်မပျက် ဆောင်ရွက်ရန်နေရာ
- မျိုးဆက်သစ်များသို့ နမူနာကောင်းပြ၍ ကောင်းမွေကို လက်ဆင့်ကမ်း ပေးရမည့်နေရာ
- မြန်မာတို့၏ ယဉ်ကျေးမှုပြယုဂ်နေရာများလည်းဖြစ်၍ အမျိုးဂုဏ် ဇာတိဂုဏ် ယဉ်ကျေးမှုဂုဏ်တို့ ထွန်းလင်းပြသရမည့် နေရာများ ဖြစ်နေပါသည်။

လူကြီးမိဘ သက်ကြီးရွယ်အိုများကို လှူဒါန်းထောက်ပံ့ခြင်း၊ ကျေးဇူးဆပ် ပြုစုခြင်း၊ ဂါရဝတရား၊ နိဝါတတရားတို့ဖြင့် ကူညီစောင့်ရှောက်ခြင်းများသည် ကျွန်တော်တို့၏ မွန်မြတ်သော အစဉ်အလာယဉ်ကျေးမှုများ ဖြစ်သည်ကို အထူးအကျယ်ချဲ့မရေးသားလိုပါ။

## စိုင်းသိန်း (ကျိုင်းတုံ)

ဤတွင် သက်ကြီးရွယ်အိုနှင့်ပတ်သက်၍ ဆက်စပ်တွေးမိပြန်သည်။ သက်ကြီးရွယ်အိုဆိုသည့် အရွယ်ကို အကြမ်းအားဖြင့် အငြိမ်းစား(ပင်စင်) ယူရသည့်အရွယ်ဟု အလွယ်မှတ်ယူနိုင်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အငြိမ်းစားယူရသည့်အရွယ်များမှာ ၅၅ နှစ်ပြည့်မှ ၆၅ နှစ်ပြည့်အထိ အမျိုးမျိုး ရှိကြပါ၏။ မြန်မာနိုင်ငံတွင် ယခင်က အသက် ၅၅နှစ်ပြည့်လျှင် ပင်စင် ယူခဲ့ကြရာမှ ယခုအခါ ပင်စင်ယူရသည့်အရွယ်မှာ အသက် ၆၀ ဖြစ်လာခဲ့သည်။

လူ့သက်တမ်းပိုမိုရှည်လျားသည့် အချို့နိုင်ငံများတွင် အသက် ၆၅နှစ်နှင့်အထက်ကို သက်ကြီးရွယ်အိုဟုသတ်မှတ်ကြသော်လည်း နိုင်ငံအများစုတွင် အသက် ၆၀ ကျော်လျှင် သက်ကြီးရွယ်အိုဟူ၍ အသိအမှတ်ပြုကြပါသည်။ ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့်လည်း ယခုအခါ အသက် ၆၀အထက် လူကြီးသူမများကို သက်ကြီးရွယ်အိုဟူ၍ သတ်မှတ်ဖော်ပြလေ့ရှိပါသည်။

ဆေးပညာရှင်အချို့က လူတို့တွင် "အသက်သုံးမျိုး"ရှိသည်ဟူ၍ ယူဆကြ၏။ ယင်းတို့မှာ အချိန်ကာလနှစ်အလိုက်ကြီးပြင်းလာသည့် အသက်၊ ဇီဝရုပ်ပိုင်းဆိုင်ရာဖြစ်ပျက်ပြောင်းလဲလာသည့်အသက်၊ စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲလာသည့်အသက်တို့ ဖြစ်ပါသည်။

ယင်းတို့တွင် သတ်မှတ်ထားကြသည့်အချိန်ကာလ၊ နှစ်အလိုက် ကြီးပြင်းလာသော အသက်(ရိုးရိုးအသက်)မှာ နှစ်စဉ်မိမိမွေးနေ့ရောက်တိုင်း ကြီးရင့်လာသည့်အသက်ဖြစ်၍ အချိန်ကာလ ယန္တရားကို ရပ်တန့်ခြင်းငှာ မစွမ်းသာသဖြင့် မတားဆီးနိုင်သော၊ ပြန်လည် လျော့နည်းမသွားနိုင်သော အသက်ဖြစ်သည်။ ဇီဝအသက်နှင့် စိတ်ပိုင်းဆိုင်ရာ အသက်တို့ကိုမူ ကြိုတင် ကာကွယ်တားဆီးထားနိုင်သည်၊ ပြုပြင်ပြောင်းလဲနိုင်သည်။

သက်တူရွယ်တူ လူတစ်ဦးစီ၏ဇီဝအသက်တို့သည် အချင်းချင်း မတူညီနိုင်ပေ။ ဥပမာအားဖြင့် အသက်၆၀ရှိ လူတစ်ဦး၏ ဇီဝ အသက်မှာ နှစ်၇၀ခန့်ရှိပြီး အလွန်အိုစာနိုင်သလို အခြားအသက်၆၀အရွယ် လူတစ်ယောက်တွင် ဇီဝအသက် ၅၀ ခန့်သာရှိပြီး နုပျိုကာ ဖျတ်ဖျတ် လတ်လတ် သွားလာလှုပ်ရှားနိုင်သည်ကို တွေ့မြင်နိုင်ပါသည်။

ထို့အတူ သက်တူရွယ်တူလူတို့၏စိတ်ပိုင်းဆိုင်ရာအသက်မှာလည်း တစ်ဦးနှင့်တစ်ဦးမတူညီနိုင်ပေ။ အသက်၆၀တွင် အချို့က စိတ်ပိုင်းဆိုင်ရာ အသက်၄၅နှစ်သာရှိပြီး တက်ကြွလန်းဆန်းနေနိုင်သလို အချို့က စိတ်ပိုင်းဆိုင်ရာ အသက်၇၀ခန့်ရှိပြီး စိတ်အားငယ်၊ စိတ်ဓာတ်ကျနေတတ်သည်လည်း ရှိပါ၏။

ဆိုလိုသည်မှာ လူတစ်ယောက်နှင့်တစ်ယောက် အိုမင်းရင့်ရော်မှုနှုန်း မတူနိုင်သဖြင့် အချိန်ကာလအားဖြင့် အသက် ၆၀ ကျော်လာသော်လည်း မအိုအောင်၊ မနာအောင်၊ စိတ်ရွှင်လန်းတက်ကြွနေအောင် တတ်နိုင်သမျှ ကာကွယ်ပြုပြင်တားဆီးနိုင်ပါသည်။

ထို့အပြင် စာရေးသူတို့ သက်ကြီးရွယ်အိုများအနေဖြင့် ဇရာသည် သဘာဝတရားဖြစ်၍ မိမိတို့၏ရုပ်နှင့် စိတ်ပျက်စီးခြင်းမဟုတ်ဘဲ အနည်းငယ်သာ အားနည်းယိုယွင်းလာခြင်းသာဖြစ်သည်ဟု ခံယူထားပါ။ အိုမှ နာသည် မဟုတ်ဘဲ မအိုဘဲနှင့်လည်း နာနိုင်၊ သေနိုင်ကြောင်း သိရှိထားရန်လိုအပ်ပါသည်။ ကမ္ဘာပေါ်တွင် အသက် ၉၀၊ ၁၀၀ အထိ အလုပ်လုပ်နိုင်သူများရှိ၍ အသက်ရာကျော်ရှည်သူအလွန်များကြောင်းလည်း သိရှိထားသင့်ပြီး စိတ်ဓာတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုရှိရန် လိုအပ်လှပါသည်။

ဆောင်းပါး၏နိဒါန်းကိုပြန်၍အစကောက်ရလျှင် **ဘိုးဘွားရိပ်သာ အဆောက်အအုံလှူဒါန်းခြင်းသည် ကွန်းခိုနားရာမရှိပါသော အဘိုး အဘွားများကို နားခိုစရာအရိပ်ဆာယာပေးသော သေနာသနအလှူလည်း ဖြစ်၊ လိုအပ်နေသူများကို လိုအပ်နေချိန်တွင် လိုအပ်သည့် အလှူမျိုး ပေးခြင်းဆိုသည့်ကာလဒါနမျိုးလည်းဖြစ်ပါသဖြင့် မွန်မြတ်လှပါသည်။ အလှူ၏မြင့်မြတ်မှုဆိုသည်မှာ အလှူခံပုဂ္ဂိုလ်၏ စင်ကြယ်မြင့်မြတ်မှု အပေါ်တွင်လည်း မူတည်နေပါသည်။**

လူအိုလူမင်းတို့မှာ ယခင်ငယ်စဉ်က မည်သို့သောဘဝတွင် ဖြတ်သန်းလာစေခဲ့ကာမူ ယခုအချိန် ယခုအရွယ်တွင်တော့ လောဘ၊ ဒေါသ၊ မောဟ၊ ကိလေသာတရားတို့လျော့ပါးနေချေပြီ။ အားကိုးရာမဲ့၊ ခိုကိုးရာမဲ့ဘဝ သံဝေဂရနေချိန် ဇရာဒုဗ္ဗလအရွယ်တွင် စားချင်တိုင်းလည်း မစားနိုင်ကြတော့ပါ။ အာရုံငါးပါး ခံစားမှုတွေလျော့ပါးလာရသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ထို့ကြောင့် အလှူခံပုဂ္ဂိုလ် တစ်ကျိပ်လေး (တစ်ဆယ့်လေးယောက်)တွင် ဘိုးဘွားတို့သည် မြင့်မြတ်သော အလှူခံပုဂ္ဂိုလ်အမျိုးအစားတွင် ပါဝင်ပါသည်။

ထို့အပြင် ရိပ်သာတွင် နားခိုလာမည့်သူများမှာလည်း အိုမင်း၍ မစွမ်းနိုင်ကြတော့သော မိအိုဘအိုများဖြစ်သဖြင့် ကိုယ့်မိဘများကို ကျေးဇူးဆပ်နေသည်နှင့် တူပါသည်။ ထိုထိုမိအိုဘအိုတို့သည် သံသရာတွင် အကြိမ်မည်မျှအထိ မိရင်းဘရင်းတော်ခဲ့လေသည်မသိနိုင်ပါ။ မြတ်စွာဘုရားသည် နကုလပိတာနှင့် နကုလမာတာကို ဘဝငါးရာ၊ အဖေ ဘဝငါးရာ၊ အမေ ဘဝငါးရာ နှစ်ပါးစုံ မိဘတော်ခဲ့ကြောင်း၊ ဘဝငါးရာ ဦးကြီး ဒေါ်ကြီးတော်ခဲ့ကြောင်း ဟောကြားခဲ့ပါ၏။

**အနမတဂ္ဂ ရှည်လျားလှသော သံသရာတွင် ဆွေမျိုးမတော်ခဲ့သူဟူ၍ မည်သူမျှမရှိပါ။ ထိုသို့ဆိုသော် ဘိုးဘွားများကို ပြုစုခြင်းသည် ကျေးဇူးရှင်မိဘများကို ကျေးဇူးဆပ်နေခြင်းသာ ဖြစ်ပါသည်။ ထို့ကြောင့် ရိပ်သာဘိုးဘွား သဒ္ဓါအားဖြင့် ဆောက်လုပ်လှူဒါန်းရခြင်းသည် ထူးကဲမွန်မြတ်လှသော ထာဝရအလှူဖြစ်နေပါသည်။**

အထူးသဖြင့် စာရေးသူတို့နိုင်ငံတွင် စာနာတရား ရင်ဝယ်ထားပြီး သဒ္ဓါအားဖြည့် ဘိုးဘွားရိပ်သာများ တည်ဆောက်လာခဲ့ကြပါ၏။ ကချင်ပြည်နယ် မြစ်ကြီးနားတွင်လည်း ဘိုးဘွားရိပ်သာ အဆောက်အအုံကြီးကို တွေ့ခဲ့ရပါ၏။ လားရှိုး–ဗန်းမော် ဘိုးဘွားရိပ်သာများသို့လည်း ငွေကြေးအလှူ ကုသိုလ်ပြုခဲ့ ရပါ၏။ လွန်ခဲ့သော ၂၀၀၄ ခု နှစ်ဆန်းက အညာဒေသ မိတ္ထီလာခရိုင် မလှိုင်ဘိုးဘွားရိပ်သာဖွင့်ပွဲသို့လည်း သွားရောက်လေ့လာခဲ့ပါ၏။

မြို့တိုင်း မြို့တိုင်း ဘိုးဘွားရိပ်သာလေးတစ်ခုစီ ပေါ်လာမည်ဆိုပါလျှင် အတိုင်းထက်အလွန် ပီတိတွေဖြစ်ကြရပါမည်။ တစ်ယောက်အားဖြင့်ယူ၍မရသော်လည်း တစ်သောင်းအားဖြင့်ယူသော် ရနိုင်ပါသည်။ ယခု ကျိုင်းတုံ၏ ဘိုးဘွားရိပ်သာ ဆောက်လုပ်ရေးအတွက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဦးဆောင်ကြိုးပမ်း ဆောင်ရွက်မှုကို စာရေးသူအပါအဝင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)နေ ပြည်သူများ၊ မြန်မာတစ်ပြည်လုံးရှိ ထာဝရအလှူ ကုသိုလ်ပြုလိုသူများက ဝမ်းမြောက်ဝမ်းသာကြိုဆိုကြမည်သာ ဖြစ်ပါကြောင်း။ ။

**ဘိုးဘွားရိပ်သာ အဆောက်အအုံလှူဒါန်းခြင်းသည် ကွန်းခိုနားရာ မရှိပါသော အဘိုး အဘွားများကို နားခိုစရာ အရိပ်ဆာယာပေးသော သေနာသနအလှူလည်းဖြစ်၊ လိုအပ်နေသူများကို လိုအပ်နေချိန်တွင် လိုအပ်သည့် အလှူမျိုးပေးခြင်းဆိုသည့် ကာလဒါနမျိုးလည်း ဖြစ်ပါသဖြင့် မွန်မြတ်လှပါသည်။**

# အမျိုးသားယဉ်ကျေးမှုကို ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်
# လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး အမျိုးသားရေးတာဝန်အဖြစ်ဆောင်ရွက်

ရန်ကုန် ဧပြီ ၂၅

**စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဒုတိယအကြိမ် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းနှင့် နွေရာသီပြည်သူ့အကျိုးပြုသင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ဧပြီ၂၃ရက် နံနက်၇နာရီခွဲက မုံရွာမြို့ မြို့တော်ခန်းမ၌ကျင်းပသည်။**

အခမ်းအနားတွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဉက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေးက အမျိုးသားယဉ်ကျေးမှုကို ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ကြရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးထားဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

## ရင်းရင်းနှီးနှီး နှုတ်ဆက်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကား ပြောကြားပြီး တိုင်းမှူးက သင်ကြားမှုအထောက်အကူပစ္စည်းများကိုလည်းကောင်း၊ ဗဟိုအလုပ် အမှုဆောင်က နွေရာသီအားကစားပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းကာ အခမ်းအနားကို ရုပ်သိမ်း၍ တိုင်းမှူးနှင့် ဝန်ကြီးတို့က တက်ရောက်လာသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

## လေ့ကျင့်ပေးသွားမည်

စစ်ကိုင်းတိုင်းအတွင်း အသင်းအဆင့်ဆင့်က ဦးဆောင်၍ မြို့နယ်အသီးသီးတွင် ၂၀၀၆ခုနှစ် လူငယ်လှုပ်ရှားမှုအဖြစ် သင်တန်းနေရာ ၇၆၄ခုတွင် သင်တန်းသား တစ်သိန်းနှစ်သောင်းကျော်အား ပထမအကြိမ် ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ဒုတိယအကြိမ် သင်တန်းများကို ဧပြီ၂၃ရက်မှစ၍ သင်တန်းနေရာ ၁၀၀၀ကျော်တွင် သင်တန်းသား သုံးသိန်းကျော်အား လေ့ကျင့်ပေးသွားမည်ဖြစ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် နံနက်ပိုင်းတွင် ဘုတလင်မြို့နယ် အုတ်ဖိုရေလှောင်တမံ၌ ဘုတလင်မြို့နယ်မှ အသင်းဝင်များစုပေါင်း၍ အရှည်ပေ ၅၀၀၀ရှိ ရေသွယ်မြောင်းတူးဖော်ပွဲနှင့် ခြံစည်းရိုးကြက်ဆူပင် ၃၆၀၀စုပေါင်း စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးပြီး ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးသည်။

## လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်

ယင်းနောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် ဘုတလင်မြို့နယ် ငပယင်းစံပြကျေးရွာသို့ ရောက်ရှိကာ စပါးခွံ့ဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး ဗဟိုအလုပ်အမှုဆောင်က "ဒို့ကျေးရွာမီးလင်းပြီ" ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာတိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့က ကျေးလက်ဒေသများပါမကျန် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ချမှတ် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး တိုင်းမှူးက ဗလာစာအုပ်များနှင့် ဗဟိုအလုပ်အမှုဆောင်က ကျေးရွာအတွက် အားကစားပစ္စည်းများ၊ ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းသည်။

ငပယင်းကျေးရွာတွင် တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် ဒေသခံပြည်သူတစ်ဦး၏ မတည်ငွေစုစုပေါင်း ငွေကျပ်သိန်း၁၀၀ အကုန်အကျခံ၍ ဒေသထွက် စပါးခွံကုန်ကြမ်းအသုံးပြုသည့် လျှပ်စစ်ဓာတ်အားပေးစက် တည်ထောင်နိုင်ခဲ့သဖြင့် လျှပ်စစ်ဓာတ်အားကီလိုဝပ်၅၀ထွက်ရှိပြီး ကျေးရွာအတွင်းရှိ အိမ်ခြေ၃၀၀၊စေတီကိုးဆူ၊ ဘုန်းတော်ကြီးကျောင်းရှစ်ကျောင်း၊ဗီဒီယိုရုံသုံးရုံ၊ဆေးပေးခန်း၊အထက်တန်းကျောင်းခွဲ၊ တယ်လီဖုန်းအိတ်ချိန်း၊ စာကြည့်တိုက်များကို နေ့စဉ်ညနေ၆နာရီမှ ည၁၀နာရီအထိ လျှပ်စစ်မီးပေးနိုင်ပြီဖြစ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရွှေဘိုခရိုင်၊ ဒီပဲယင်း မြို့နယ်၊ စိုင်ပြင်ကျေးရွာသို့ သွားရောက်ပြီး စိုင်ပြင်စံပြကျေးရွာဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။ အခမ်းအနားတွင် အစီအစဉ်အရ ကျေးလက်ဖွံ့ဖြိုးရေး အခြေစိုက်စခန်းအဆောက်အအုံကို ဝန်ကြီးက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့်ဧည့်သည်တော်များသည် ခန်းမအတွင်း ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ ကျေးလက်တယ်လီဖုန်းအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးကြပြီး စိုင်ပြင်ကျေးရွာ ကျန်းမာရေးဌာနအတွင်း ရွှေဘိုခရိုင်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအဖွဲ့၏ အခမဲ့စမ်းသပ်စစ်ဆေး ကုသမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် နွားချေး၊ စက်ဖွဲပြာ၊ ဖွဲနု၊ အသင့်သုံးအီးအမ်နှင့် ဓာတ်မြေဩဇာတို့စုပေါင်း၍ အကျိုးပြုဇီဝမြေဩဇာထုတ်လုပ်နေမှုကိုလည်းကောင်း၊ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ကိုလည်းကောင်း၊ မူလတန်းကြိုကျောင်းနှင့် မိသားစုဝင်ငွေတိုးလက်မှုလုပ်ငန်းများကိုလည်းကောင်း၊ ပညာ့အလင်း ခေတ်မီစာကြည့်တိုက်ကိုလည်းကောင်း၊ ကျေးရွာသမဝါယမအသင်းဆိုင်ကိုလည်းကောင်း၊ မြေအောက်ရေလှျံတွင်းများမှ ကျေးရွာအတွင်း ရေဖြန့်ဝေပေးနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

## အကုန်အကျခံတည်ဆောက်

ဆက်လက်၍ တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များသည် စိုင်ပြင်စံပြကျေးရွာ အထက်တန်းကျောင်းခွဲအတွင်း ကျင်းပသော မြတမာကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးခဲ့ပြီး တိုင်းမှူးက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ကျောင်းဆောင်သစ်နှင့် သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြု စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ ယခုဖွင့်လှစ်သည့် မြတမာကျောင်းဆောင်သစ်မှာ အလျားပေ ၁၅၀၊ အနံပေ ၃၀ရှိ တစ်ထပ်အုတ်ညှပ်၊ သွပ်မိုးအဆောက်အအုံဖြစ်ပြီး တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ သွပ်အချပ် ၂၀၀၊ ဘိလပ်မြေအိတ် ၁၄၀နှင့် ဒေသခံပြည်သူများ၏ စုပေါင်းထည့်ဝင်ငွေကျပ် ၇၂သိန်းကျော်၊ စုစုပေါင်း ငွေကျပ်၈၁သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

## မိသားစုစကားဝိုင်းအသွင်ဆွေးနွေး

အလားတူ စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဉက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ဝေဝေခိုင်နှင့်အဖွဲ့ဝင်များသည် စိုင်ပြင်စံပြကျေးရွာရှိ ဇာပန်းထိုးနှင့် အပ်ချုပ်သင်တန်းကို ကြည့်ရှုအားပေးပြီး ကျေးရွာရှိပြည်သူများနှင့်အတူ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် အခြားသိကောင်းဖွယ်ရာများကို မိသားစု စကားဝိုင်းအသွင် ရင်းရင်းနှီးနှီး ဆွေးနွေးဟောပြောကြသည်။

ယင်းနောက် တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များသည် ကျောင်းဝင်းအတွင်းကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော်သို့ တက်ရောက် ပျိုးထောင်စိုက်ပျိုးပေးကြပြီး ဧည့်သည်တော်များ၊ ဒေသခံပြည်သူများ၏ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းပျိုးထောင်မှုများကို ကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံရာ ဒေသခံပြည်သူနှစ်ဦးက စိုင်ပြင်စံပြကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့က အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နှင့် ကျေးလက်မီးလင်းရေး၊ ကျေးလက်စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်ရေး၊ ခြံစည်းရိုးကြက်ဆူပင် အပြည့်အဝစိုက်ပျိုးရေးတို့ကိုမှာကြားကာ နိုင်ငံတော်ရှေ့လုပ်ငန်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ရေး၊ ဘေးပြောတာမယုံဘဲ သွေးပြောတာယုံပြီး အပြုနှင့်အဖျက်၊ အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုးတို့ကို ခွဲခြားသိမြင်ပြီး အပြုအမှန်နှင့် အကောင်းဘက်မှ ရဲရဲရင့်ရင့် ရပ်တည်ရေးတို့ကို အသေးစိတ် ဆွေးနွေးမှာကြားသည်။

## ပေးအပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူးက ကွန်ပျူတာတစ်စုံ၊ ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများ၊ ကျောင်းသုံး ဗလာစာအုပ်များ၊ စာအုပ်မျိုးစုံနှင့် မဂ္ဂဇင်း၊ ဂျာနယ်များကိုလည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင်က ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားစက်တစ်လုံး၊ အားကစားပစ္စည်းများ၊ ဗလာစာအုပ်များ၊ စာအုပ်မျိုးစုံနှင့် မဂ္ဂဇင်း၊ ဂျာနယ်များကိုလည်းကောင်း ပေးအပ်လှူဒါန်း၍ အခမ်းအနားကို ရုပ်သိမ်းကာ တက်ရောက်လာသော ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင်ရပ်ကွက် အမှတ် ၇၀ သာသနာ့ရိပ်သာလမ်းရှိ ရွှေမင်းဝံသာသနာ့ရိပ်သာတွင်တည်ဆောက်မည့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သိမ်တော်ကြီး၏ အပေါ်ဆုံးထပ်တည်ဆောက်ရေးအတွက် (ပထမအကြိမ်) ကျပ်သိန်း၁၀၀ကို ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး ရွှေမင်းဝံသာသနာ့ရိပ်သာ ပဓာနနာယကဆရာတော်ကြီး၏ ရဟန်းမယ်တော် ဒေါ်မာ(ခ)ဒေါ်သောင်းသောင်းအားရည်စူး၍ ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်၉၃ ပဒုမ္မာလမ်းနေ ခင်ပွန်းဦးထွန်းရှိန်၊ သား Dr.လှရှိန်–မညှိညှိသိန်း၊ သမီးမတင်တင်အေး၊ Dr. တိုးမောင်–မထွေးထွေးရီ မိသားစုတို့က ဧပြီ၈ရက်က ရွှေမင်းဝံသာသနာ့ရိပ်သာ၌ပေးအပ်လှူဒါန်းစဉ်။** (က–ပ)





# ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး အကျဉ်းဦးစီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံ
# လုံခြုံရေးနှင့် စည်းကမ်းတကျရှိစေရေး တိုးမြှင့်ဆောင်ရွက်ရန်မှာကြား

**ရန်ကုန် ဧပြီ ၂၅**

ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် ဧပြီ ၂၃ရက် နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများလိုက်ပါလျက် အကျဉ်းဦးစီးဌာန အင်းစိန်ဗဟိုအကျဉ်းထောင်ရှိ အောင်မင်္ဂလာခန်းမသို့ ရောက်ရှိပြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်းစိန်ဗဟိုအကျဉ်းထောင်နှင့် ကျွမ်းကျင်မှုဆိုင်ရာ အတတ်သင်ကျောင်းတို့မှ အရာရှိ၊ ဝန်ထမ်းနှင့် မိသားစုဝင်များ စုစုပေါင်း ၄၃၇ဦးအားတွေ့ဆုံ၍ လုံခြုံရေး၊ စည်းကမ်းစနစ်တကျရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်ရေး၊ မြိုးခြံရွှေတာရေးနှင့် သက်သာချောင်ချိရေး ကိစ္စရပ်များကို အသေးစိတ်ရှင်းလင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက်ဝန်ကြီးအား အကျဉ်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ(၁)၌ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းက လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) မွမ်းမံသင်တန်းဖွင့်ပွဲကို ဧပြီ၂၃ရက်က ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)သင်တန်းခန်းမဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေက သင်တန်းဖွင့် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## MRTV-4
## ရုပ်မြင်သံကြားအစီအစဉ်

**၂၆–၄–၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | အုံ့မခန်း မြန်မာ့ပန်းပုပညာလက်ရာ ရွှေကူတံကဲတော်ကြီး |
| ၇း၁၅ | Myanmar Video Rhythm |
| ၇း၄၅ | တေးဂီတအစီအစဉ် |
| ၇း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၇း၅၅ | လင်းလက်နေဆဲ ကြယ်တစ်ပွင့် (ငွေကမ္ဘာ ကမ္ဘာလှည့် တင်တင်စိန်) |
| ၈း၀၅ | တေးဂီတအစီအစဉ် |
| ၈း၁၀ | မန္တလေးစာပေလောကနှင့် မန္တလေးစာရေးဆရာများ [ဦးထွန်းဦး၊ ကိုငြိမ်း(မန္တလေး)၊ ဦးခင်မောင်ဦး(ကိုရိုးကွန့်)၊ ဦးတင်မောင်ထွန်း (ညိုထွန်းလူ)] |
| ၈း၄၀ | တေးဂီတအစီအစဉ် |
| ၈း၄၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၈း၅၅ | လှပဆန်းသစ်ကြွေရည်သုတ်ပစ္စည်းအသစ် |
| ၉း၂၀ | တေးဂီတအစီအစဉ် |
| ၉း၂၅ | မိုးလေဝသခန့်မှန်းချက် |
| ၉း၃၀ | အလျော်အစား (ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ်) (ဒါရိုက်တာ ကျော်ဇောလင်း) |
| ၉း၄၀ | ပုညခင်၏ အုပ်(၅၀)ပြည့် အခမ်းအနား (မိန်းမတစ်ယောက်ရဲ့ အတ္ထုပ္ပတ္တိ လုံးချင်းစာအုပ် ထုတ်ဝေသည့် စာနယ်ဇင်း မိတ်ဆက်ပွဲ) |
| ၁၀း၀၀ | တေးဂီတအစီအစဉ် |
| ၁၀း၀၅ | ပညာပါရမီ ကုသိုလ်တော် နတ်လူသာခုခေါ် |
| ၁၀း၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၃၀ | မြန်မာ့ကျောက်မျက်ရတနာပြတိုက်နှင့် ရတနာဈေး |
| ၁၀း၄၅ | တေးဂီတအစီအစဉ် |
| ၁၀း၅၀ | မြစ်ကိုမြင်လျှင် တံတားဆင် |
| ၁၁း၀၅ | နိုင်ငံတကာအနုပညာရေးရာ |
| ၁၁း၃၀ | တေးဂီတအစီအစဉ် |
| ၁၁း၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၄၅ | အားကစားနှင့် ကျန်းမာရေး |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**Champions League**

**ဘောလုံးပွဲစဉ်**

| ညပိုင်း | အစီအစဉ် | လိုင်း |
|---|---|---|
| ၁း၀၀ | Barcelona- AC Milan | 5-Sports(Live) |

26-4 (11).p65 1 1/8/32, 1:16 PM

# နွေစပါးဧက ၁၀၀၀၀ စိုက်ပျိုးရန် ရေပေးနိုင်သည့်အပြင် ကျေးရွာများကိုလည်း လျှပ်စစ်မီးပေးနိုင်မည်

● *ကျောဖုံးမှ*

နိုင်ငံတော်အစိုးရသည် ကျေးလက် ပြည်သူများအား တိုက်ရိုက်အကျိုးပြုနိုင်သည့် ဆည်မြောင်းတာတမံများကိုစီးပွားရေးအရတွက်ခြေကိုက်မှုကိုသာ ဦးစားမပေးဘဲ အမှန်တကယ် ဒေသအလိုက် ဖြစ်နိုင်ခြေရှိသည့် နေရာတိုင်းတွင် ဖြန့်ကြက်တည်ဆောက်ပေးခဲ့သည်။

နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအတွက် နိုင်ငံတော်၏ စီးပွားရေးတိုးတက်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရန် အဓိကသီးနှံများဖြစ်သည့် စပါး၊ ကြံ၊ ဝါနှင့် ပဲမျိုးစုံတို့ကို တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေး စီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိသည်။



**မမြရေလှောင်တမံ တည်ဆောက်ရေးနှင့်ပတ်သက်၍ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မြင့်လှိုင်က မြန်မာ့အလင်းသို့ ရှင်းပြစဉ်။** ဓာတ်ပုံမှတ်တမ်း- သိန်းဝင်းလေး(မြန်မာ့အလင်း)

### ရည်မှန်းဆောင်ရွက်

ယင်းသို့ဆည်မြောင်းတာတမံများ စီမံချက်များချမှတ်၍ ဆောင်ရွက်ရာ၌ နိုင်ငံတော်၏ စီးပွားရေးကိုအကျိုးပြုသော စပါး၊ ကြံ၊ ဝါနှင့် ပဲမျိုးစုံများ တိုးတက် စိုက်ပျိုးထုတ်လုပ်နိုင်ရန် လိုအပ်သည့်ဆည်ရေပေးနိုင်ရန်အတွက် လည်းကောင်း၊ ဧရာဝတီမြစ်၏ အရှေ့ဘက်ခြမ်း၊ အနောက်ဘက်ခြမ်းဒေသများတွင် ရေကြီးနစ်မြုပ်ခြင်း၊ ရေတိုက်စားခြင်းအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် လည်းကောင်း၊ ရေအားလျှပ်စစ်များ တစ်နိုင်တစ်ပိုင်ဖြန့်ဖြူးနိုင်ရန်အတွက် လည်းကောင်း ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

ဤသို့ဆောင်ရွက်ရာတွင် ဧရာဝတီတိုင်း မြန်အောင်မြို့နယ်အတွင်းရှိ မမြရေလှောင်တမံစီမံကိန်းမှာ တစ်ခုအပါအဝင်ဖြစ်သည့်အလျောက် မမြရေလှောင်တမံစီမံကိန်းကို အထူးစီမံကိန်းအကောင်အထည်ဖော်ရေးအဖွဲ့၏ ၂၃-၇-၂၀၀၂ ရက်တွင် ကျင်းပသည့် အမှတ်စဉ်(၂/၂၀၀၂) ကြိမ်မြောက် အစည်းအဝေးမှ အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ပြုခဲ့သည်။

### သွားရောက်ခဲ့

မမြရေလှောင်တမံ စီမံကိန်းနှင့်ပတ်သက်၍ လေ့လာ ရေးသားနိုင်ရန်အတွက် မြန်မာ့အလင်းအဖွဲ့သည် ပြီးခဲ့သော ဧပြီ ၅ ရက်က ဧရာဝတီတိုင်း မြန်အောင်မြို့နယ်အတွင်း ပုသိမ်-မုံရွာကားလမ်းမကြီးဘေး မျှင်ဝါးတောင်ကျေးရွာ၏ အနောက်ဘက် တစ်မိုင်ခွဲခန့်အကွာရှိ မမြရေလှောင်တမံ စီမံကိန်းသို့ သွားရောက်ခဲ့ကြသည်။

ပုသိမ်-မုံရွာ ကားလမ်းမကြီးမှ မမြရေလှောင်တမံသို့ဟု ဆိုင်းဘုတ်တပ်ထားသော လမ်းဆုံမှ မမြရေလှောင်တမံစီမံကိန်းသို့ ဝင်လိုက်သည်နှင့် ရာသီမရွေးသွားလာနိုင်သော ညီညာကျယ်ပြန့်သော အကျယ် ၂၄ ပေ၊ အလျား ၅ မိုင် ကျောက်ချောလမ်းမကြီးကို တွေ့ရှိရပြီး မမြစီမံကိန်းရှင်းလင်းဆောင်အထိ ကျောက်ချောလမ်း ဖောက်ထားသည်ကို တွေ့ရသည်။

### ရှင်းလင်းပြောကြား

မမြရေလှောင်တမံ ရှင်းလင်းဆောင်သို့ရောက်လျှင် မမြရေလှောင်တမံစီမံကိန်း တာဝန်ယူတည်ဆောက်နေသော တည်ဆောက်ရေး(၉) ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မြင့်လှိုင်နှင့် လုပ်ငန်းအလိုက် ဦးစီးအရာရှိများက ဆီးကြိုကြပြီး ဒုတိယညွှန်ကြားရေးမှူးက မမြရေလှောင်တမံနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဦးကျော်မြင့်လှိုင်က မမြစီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြရာတွင် မမြရေလှောင်တမံစီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ လယ်မြေဧက တစ်သောင်းကို ရေသွင်းစိုက်ပျိုးရန် အဓိကဖြစ်သည့်အပြင် မမြချောင်း ဝဲယာတွင်ရှိသည့် လယ်ယာမြေများကို ရေနစ်မြုပ်ခြင်းမှကာကွယ်ရန် ရည်ရွယ်ပြီး တည်ဆောက်သော စီမံကိန်းဖြစ်ကြောင်း။

မမြရေလှောင်တမံဟု ခေါ်ဆိုသည်မှာ မမြချောင်းကိုပိတ်၍ ရေလှောင်တမံ တည်ဆောက်သည့်အတွက် ဆည်မြောင်းဌာန၏ အလေ့အကျင့်အတိုင်း မမြရေလှောင်တမံစီမံကိန်းဟု သတ်မှတ်ခြင်းဖြစ်ကြောင်း၊ ရေလှောင်တမံစီမံကိန်းမှာ အဓိကပါတဲ့ အချက်အလက်များကို ပြောရလျှင် စီမံကိန်းကို ၂၀၀၁/၂၀၀၂ ခုတွင် စတင်ခဲ့ပြီး ပြီးစီးဖို့ရန် လျာထားသည်မှာ ၂၀၀၆/၂၀၀၇ နှစ်ကာလ၌ ပြီးစီးရန် လျာထားကြောင်း။

ပြီးစီးရန်အတွက်ဆောင်ရွက်လျက်ရှိရာတွင် ၂၀၀၆/၂၀၀၇ မှာ ပြီးစီးရန် ရာခိုင်နှုန်းပြည့်နီးပါး သေချာနေပြီဆိုသည်ကိုလည်း တင်ပြလိုပါကြောင်း။

မူလအစီအစဉ်အတွင်း အသေးစိတ်မပါသော်လည်း ယခု ထပ်မံလုပ်ဆောင်ရာ၌လည်းပိုလာသောတာဝန်မှာ ရေအားလျှပ်စစ် တပ်ဆင်ရန်အတွက် သံမဏိပိုက်လုံးနှစ်လုံး ရေထုတ်ပြွန်တွင် တပ်ဆင်ရန်အတွက် ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ သံမဏိပိုက်လုံးနှစ်လုံးမှနေပြီ ရေအားလျှပ်စစ်ဓာတ်အားကီလိုဝပ် ၂ x ၂၅၀ ထုတ်လုပ်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ တရုတ်လျှပ်စစ်ပိုင်းဆိုင်ရာ ကုမ္ပဏီများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်ကို တင်ပြလိုပါကြောင်း။

### တည်ဆောက်ပြီးစီး

မမြစီမံကိန်းကြီး တစ်ခုလုံးကို အကောင်အထည်ဖော်ရာတွင် အဓိကလုပ်ငန်းကြီးငါးခု ပါဝင်ကြောင်း၊ ရေစိမ့်တား ကွန်ကရစ်နံရံ တည်ဆောက်ခြင်းဆိုသည့် ပထမဦးဆုံး ကဏ္ဍကို ရာနှုန်းပြည့် တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း၊ ပင်မတမံ တည်ဆောက်ခြင်းကို မြေကြီးလုပ်ငန်းအနေဖြင့် ၇၃ ရာခိုင်နှုန်း တည်ဆောက်ပြီးဖြစ်ကြောင်း၊ ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင် တည်ဆောက်ခြင်းလုပ်ငန်းကိုမူ ၈၉ ရာခိုင်နှုန်း တည်ဆောက်ပြီးဖြစ်ကြောင်း။

ရေပိုလွှဲ တည်ဆောက်ခြင်းအနေဖြင့် ကွန်ကရစ်လုပ်ငန်းမှာ ၄၇ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်၍ ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းအပိုင်းမှာ ပျမ်းမျှအနေဖြင့်ပြောရလျှင် ၁၄ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးကြောင်း။

### ဆောင်ရွက်ပြီးစီး

မမြတမံစီမံကိန်းကိုပွင့်လင်းရာသီမှာ မမြချောင်း စပိတ်ခဲ့ကြောင်း၊ ဒီဇင်ဘာ ၁ ရက်မှစတင်၍ နေ့စဉ်ည ၁၂ နာရီအထိ တစ်ရက်မှမပျက်ဘဲ နံနက် ၆ နာရီမှ ည ၁၂ နာရီ နားရက်မရှိ၊ ပျက်ရက်မရှိ ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ခြင်းကြောင့် တမံမြေကြီးလုပ်ငန်း စုစုပေါင်း မြေကြီးကျင်း ၂၅ သိန်းကျော် ဆောင်ရွက်ရန် လျာထားရာမှာ တူးခြင်း ခြောက်သိန်းခွဲနှင့် ဖို့ခြင်း ၁၆ သိန်းခွဲပါသည့်အနက် တူးခြင်း နှစ်သိန်းခွဲနှင့် ဖို့ခြင်း ၁၆ သိန်းခန့် ဆောင်ရွက်ပြီးဖြစ်ကြောင်း။

ရေထုတ်ပြွန်လုပ်ငန်းနှင့် ပတ်သက်၍ အရေးကြီးသောလုပ်ငန်းများအားလုံး ပြီးစီးသွားပြီဖြစ်ကြောင်း၊ ယခု မိုးတွင်းမတိုင်မီ တမံဖို့ခြင်းလုပ်ငန်းပြီးစီးမည်ဖြစ်၍ ကျန်သော ရေထုတ်ပြွန်လုပ်ငန်းကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ရေပိုလွှဲ တည်ဆောက်ခြင်းလုပ်ငန်း၌ မြေကြီး ကျင်းပေါင်း သုံးသိန်းကျော်လုပ်ရမည့် လုပ်ငန်းမှာ မြေကြီးကျင်း နှစ်သိန်းကျော် ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ရေပိုလွှဲ ကွန်ကရစ်လောင်းရန် လုပ်ငန်းတွင် ရေပိုလွှဲမှာ ကြီးသော ရေပိုလွှဲတစ်ခုတွင် ပါဝင်သောကြောင့် အချိန်မီပြီးစီးရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဆည်ရေသောက်စနစ် တည်ဆောက်ရေးလုပ်ငန်းတွင် မြေကြီးကျင်းပေါင်း ငါးသိန်းခန့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုနှစ် ချောင်းကို စပိတ်နေသည့်နှစ်မှာပင် တည်ဆောက်ဆဲကာလ၌ ရေကို ရသလောက်သိုလှောင်ပြီး လယ်မြေများသို့ နွေစပါးစိုက်ပျိုးရန် ရေပေးရေးကို ဆောင်ရွက်ထားကြောင်း၊ ယခုနှစ် နွေစပါးစိုက်ပျိုးရေးကို ဤဒေသရှိလယ်သမားကြီးများ နောက်နှစ် ဆည်ကြီးပြီးစီးသောအခါ၌ နွေစပါးစိုက်ပျိုးမှု အတွေ့အကြုံရအောင်၊ ဧက ၂၀၀ ခန့် ရေရအောင် ဆောင်ရွက်ထားကြောင်း၊ တမံအနီး အနားဝန်းကျင်တွင် နွေစပါးများနှင့် စိမ်းစိမ်းစိုစိုတွေ့ရမည်ဖြစ်ကြောင်း။

### ထူးခြားဖြစ်စဉ်

လောလောဆယ် ဆည်ရေသောက်စနစ်အတွက် လက်ယာတူးမြောင်း ပေသုံးသောင်းအထိ မြောင်းတူးထားပြီးဖြစ်ကြောင်း၊ ကျန်ရှိသော လက်ဝဲတူးမြောင်းကို ဆက်လက်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း၊ မမြရေလှောင်တမံစီမံကိန်းအနေဖြင့် တမံအောက်ခြေမှာ ချောင်းကျောက်များဖြစ်နေသောကြောင့် အလျား ၂၁၄၆ ပေရှိသော ရေစိမ့်တားနံရံ၊ ကွန်ကရစ်နံရံ တည်ဆောက်ရေးလုပ်ငန်းကို ထူးခြားဖြစ်စဉ် ဆောင်ရွက်ချက်ဖြစ်ကြောင်း။

လက်ဝဲတူးမြောင်းနှင့် လက်ယာတူးမြောင်း မြောင်းပေါင်ပေါ်တွင် သွားလာခြင်းလွယ်ကူစေရန် ကျေးရွာချင်းဆက် မြောင်းပေါင်လမ်းများ ခင်းထားခြင်းကြောင့် သွားလာမှု လွယ်ကူမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

မမြရေလှောင်တမံမှာ နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ဧကပေ ၁၂၉၀၀၀ရှိပြီး တမံအမြင့်ပေ ၁၅၀၊ အလျားပေ ၁၁၈၀၀ ရှိသော မြေသားတမံတည်ဆောက်မည်ဖြစ်၍ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ခုနစ်သောင်း၊ ကန်ရေသေ ရေလှောင်ပမာဏ ဧကပေ ၄၅၀၀၊ ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာ ဧကပေ ၁၃၃၀ ရှိမည်ဖြစ်သည်။

ရေထုတ်ပြွန်မှာ သံကူကွန်ကရစ်အမျိုးအစား လေးပေ၊ခြောက်ပေ နှစ်ပေါက်ဖြင့်တည်ဆောက်ထား၍ရေထုတ်ပြွန်အလျားပေ ၆၄၀ နှင့် ရေထုစီးနှုန်း ကုဗပေ စက္ကန့် ၄၀၀ ရှိမည်ဖြစ်သည်။

### ခြံစည်းရိုးကြက်ဆူပင်

မမြရေလှောင်တမံတွင် ခြံစည်းရိုးကြက်ဆူပင်ဧက ၁၈ ဧကတွင် အပင်နှစ်သောင်းလေးထောင်ခန့် စိုက်ပျိုးထားသည်။ လွန်ခဲ့သည့်နှစ်ကစတင်၍ စိန်တစ်လုံးသရက်ပင် ၁၀၀၊ မိုးဦးကျလျှင် စိုက်ပျိုးနိုင်ရန်အတွက် ကြက်ဆူစေ့ပျိုးပင်ငါးသောင်းခန့် စိုက်ပျိုးထားသည်။ ၎င်းပြင် ဒေသနှင့်ကိုက်ညီသော မကျည်းပင် ၈၀၀ ကို ဒေသ စိမ်းလန်းစိုပြည်ရေးနှင့် နောင်လာနောက်သားများအတွက် စိုက်ပျိုးထားသည်။ ရေပိုလွှဲ အဝင်လမ်းမကြီးတစ်လျှောက်တွင် ကျွန်းပင် ၂၀၀ ခန့် စိုက်ပျိုးထားသည်။

မမြရေလှောင်တမံ စီမံကိန်းကို ဆောင်ရွက်ပေးခြင်းကြောင့် စိုက်ပျိုးမြေ ဧက ၁၀၀၀၀ကို ရေပေးနိုင်မည့်အပြင် နွေစပါးကို ဧက ၁၀၀၀၀ စိုက်ပျိုးရန် ရေပေးနိုင်အောင် ဆောင်ရွက်ထားသည်။ လယ်မြေများသို့ ရေပေးနိုင်မည့်အပြင် မမြချောင်းမှ ရေကြီးနစ်မြုပ်မှုအန္တရာယ်မှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ မမြဆည်ကြီးပြီးသွားလျှင် လယ်ယာမြေများ ရေနစ်မြုပ်မှုဒဏ်မှ ကာကွယ်ပေးနိုင်သော စီမံကိန်းမျိုးဖြစ်သည့်အတွက် မမြရေလှောင်တမံသည် ဒေသဖွံ့ဖြိုးရေးကို များစွာ အထောက်အကူပြုမည့် ရေလှောင်တမံစီမံကိန်းဖြစ်သည့်အပြင် ရေအားလျှပ်စစ်ကို ဖြန့်ဖြူးနိုင်မည်ဖြစ်၍ ကျေးရွာများကိုလည်း အထိုက်အလျောက် လျှပ်စစ်မီးပေးနိုင်မည်ဖြစ်သောကြောင့် ဒေသဖွံ့ဖြိုးရေးကို များစွာ အထောက်အကူပြုမည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း ကွင်းဆင်း လေ့လာ တင်ပြလိုက်ရပါကြောင်း။ ။

**(မြန်မာ့အလင်း)**



**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)မှ ဧရာဝတီတိုင်း မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာအနီးတွင် မမြချောင်းကိုပိတ်၍ တည်ဆောက်လျက်ရှိသည့် မမြရေလှောင်တမံကို ဧပြီ ၆ ရက်က စက်ယန္တရား၊ လူအားဖြင့် မြေဖို့ခြင်း၊ ရေဖျန်းခြင်း၊ မြေကြိတ်ခြင်း၊ မြေညှိခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည်ကို ဤသို့တွေ့ခဲ့ရသည်။** ဓာတ်ပုံမှတ်တမ်း- သိန်းဝင်းလေး(မြန်မာ့အလင်း)

## မမြရေလှောင်တမံစီမံကိန်းမြင်ကွင်း

**ဧရာဝတီတိုင်း မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာအနီး မမြချောင်းကိုပိတ်၍ မမြရေလှောင်တမံစီမံကိန်းတည်ဆောက်မှုမြင်ကွင်း။**
ဓာတ်ပုံမှတ်တမ်း- သိန်းဝင်းလေး(မြန်မာ့အလင်း)



26-4 (12).p65 1 1/8/32, 1:16 PM

## ကမ္ဘာတစ်လွှား အားကစား

# မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလား
# တောင်အမေရိကမှ အီကွေဒေါအသင်း အနေအထား




ရန်ကုန် ဧပြီ ၂၅

**၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဂျာမနီနိုင်ငံတွင် လာမည့် ဇွန် ၉ ရက်၌ ခမ်းနားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်ရာ နောက်ဆုံးအဆင့်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိထားသည့် ဘောလုံးအသင်း ၃၂ သင်းတို့၏ ရပ်တည်မှုအနေအထားနှင့် လက်ရှိအခြေအနေများကို မြန်မာ့အလင်း ဘောလုံး ဝါသနာရှင်များအတွက် Yangon Entertainment Ltd. မှ ရရှိသည့် အချက်အလက်များပေါ် အခြေခံပြီး ကိုးကားရေးသားဖော်ပြလိုက်ပါသည်။**

**စုစည်းတင်ပြသူ**
**မောင်မောင်မြင့်ဆွေ**

### အီကွေဒေါအသင်း

ကမ္ဘာ့ဘောလုံး အင်အားကြီးအသင်းများတည်ရှိရာ တောင်အမေရိက၏ အသင်းတစ်သင်းဖြစ်သည့် အီကွေဒေါအသင်းသည် ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲဝင် ၃၂သင်းအနက် သက်တမ်းအနုဆုံး အသင်းဖြစ်သည်။ အီကွေဒေါ အသင်းမှာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ပြီးခဲ့သည့် ၂၀၀၂ခုနှစ် ကိုရီးယား–ဂျပန်ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှစတင်ကာ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့သည့်အသင်းလည်း ဖြစ်သည်။

၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အီကွေဒေါတို့ အုပ်စုအဆင့်မှပင် ထွက်ခဲ့ရသဖြင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသမိုင်းတွင် မှတ်တမ်းတင်ရလောက်သည့် အနေအထားမရှိချေ။ သို့သော်လည်း အီကွေဒေါအသင်းသည် ယခုနှစ် ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အောင်မြင်မှုသမိုင်းမှတ်တိုင်သစ်တစ်ရပ် စိုက်ထူနိုင်ရန် ကြိုးစားကစားကြမည်ဖြစ်သည်။

### အီကွေဒေါခြေစွမ်း

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလား ခြေစစ်ပွဲများ ကစားသည့်အခါ တောင်အမေရိကဇုန်၌ လက်ရှိကမ္ဘာ့ဖလားချန်ပီယံ ဘရာဇီးကို တစ်ဂိုး–ဂိုးမရှိနှင့် အနိုင်ယူခဲ့သည်မှာ အီကွေဒေါအသင်းပင် ဖြစ်သည်။ နောက်ပြီးခြေစစ်ပွဲတစ်လျှောက် အိမ်ကွင်းတစ်ပွဲမှ မရှုံးခဲ့ခြင်းသည်လည်း အီကွေဒေါ၏ ထူးခြားသောခြေစွမ်းပင်ဖြစ်သည်။

အီကွေဒေါအသင်းသည် ခြေစစ်ပွဲ၌ဘရာဇီး၊ အာဂျင်တီးနား၊ ဥရုဂွေးစသည့် နာမည်ကျော်အသင်းများကို အိမ်ကွင်းလုံးဝရှုံးပွဲမရှိအောင် ကစားခဲ့သည့် ရလဒ်မှာ ထူးခြားနေသည်။ ထို့ကြောင့် အီကွေဒေါအသင်းကို တောင်အမေရိက ဘောလုံးအသင်းတိုင်း လေးစားနေရသောအဆင့်တွင် ရှိလာနေပြီဖြစ်သည်။ အီကွေဒေါသည် တောင်အမေရိကဇုန်၌ အုပ်စုတတိယ အဆင့်ဖြင့် ထိုက်ထိုက်တန်တန် ခြေစစ်ပွဲအောင်လာသောအသင်းဖြစ်သည်။

### နည်းပြ



**အီကွေဒေါအသင်း နည်းပြ လူးဝစ်ဆွာရက်စ်။** (ဓာတ်ပုံ–အင်တာနက်)

အီကွေဒေါအသင်း နည်းပြမှာ လူးဝစ်ဆွာရက်စ်ဖြစ်ပြီး ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အီကွေဒေါကို ခြေစစ်ပွဲအောင်မြင်အောင်လုပ်ပေးခဲ့သူဖြစ်သည်။ ယခု ဂျာမနီကမ္ဘာ့ဖလားဘောလုံးပွဲတွင် အီကွေဒေါအသင်း ထူးခြားသည့်အောင်မြင်မှုများ ရရှိအောင် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပြီး ကမ္ဘာ့ဖလားပွဲအတွက် ဘောလုံးသမားများ၏စိတ်ဓာတ်အမြင့်ဆုံးအနေအထား ရောက်ရှိနေကာ ပြိုင်ပွဲဝင်ရန် အသင့်အနေအထားရှိနေပြီဖြစ်ကြောင်း လူးဝစ်ဆွာရက်စ်က ပြောကြားထားသည်။

နည်းပြ လူးဝစ်ဆွာရက်စ်သည် အီကွေဒေါအသင်းအား တိုက်စစ်၊ ခံစစ်မျှအောင် ကစားခိုင်းထားပြီး ပြိုင်ပွဲ၏ အနေအထားအပေါ် မူတည်ကာ တိုက်စစ်ကို အရှိန်အဟုန်မြင့်ကစားသည့်နည်းဗျူဟာဖြင့် ခင်းကျင်းကစားမည် ဖြစ်သည်။



**အီကွေဒေါ လက်ရွေးစင်ဘောလုံးအသင်း။**

(ဓာတ်ပုံ–အင်တာနက်)

### စောင့်ကြည့်ရမည့်ကစားသမား

အီကွေဒေါအသင်း၏ အားထားရသော ဘောလုံးသမားမှာ ကွင်းလယ်ကစားသမား အက်ဒီဆင်မန်ဒက်ဇ်ဖြစ်သည်။ ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးခြေစစ်ပွဲတစ်လျှောက် ဂိုးအများဆုံးသွင်းထားနိုင်သူလည်း ဖြစ်သည်။ ခြေစစ်ပွဲ၌ ဘရာဇီးအသင်းကို တစ်လုံးတည်းသော အနိုင်ဂိုး သွင်းခဲ့သူမှာ အက်ဒီဆင်မန်ဒက်ဇ်ပင် ဖြစ်သည်။

### ဂိုးအများဆုံးသွင်းထား

အက်ဒီဆင်မန်ဒက်ဇ်သည် အီကွေဒေါအသင်းတွင် အရပ်အပုဆုံး ကစားသမားတစ်ဦးဖြစ်သော်လည်း မိမိအသင်းသားများကိုဂိုးသွင်းခွင့်ရအောင် ဖန်တီးပေးနိုင်သလို ကိုယ်တိုင်လည်း ဂိုးများသွင်းနိုင်သူတစ်ဦးဖြစ်သည်။ ထို့အပြင် လိုအပ်လျှင် နောက်တန်းခံစစ်ကြောင်းကို ဆင်းကူ ကစားပေးတတ်သည်ဖြစ်ရာ ရှေ့နောက် လယ်စွယ်စုံရကစားသမားဖြစ်သည်။ အက်ဒီဆင်မန်ဒက်ဇ်သည် ခြေစစ်ပွဲ တစ်လျှောက် ဂိုးအများဆုံးသွင်းပေးထားသူဖြစ်ပြီး၂၀၀၆ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အထူးစောင့်ကြည့်ရမည့် ကစားသမားတစ်ဦး ဖြစ်သည်။

### ပွဲစဉ်များ

အီကွေဒေါအသင်းသည် ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်များအဖြစ် ဇွန် ၉ ရက်တွင် ပိုလန်နှင့်လည်းကောင်း၊ ဇွန် ၁၅ ရက်၌ ကိုစတာရီကာနှင့်လည်းကောင်း၊ ဇွန် ၂၀ ရက်တွင် အိမ်ရှင်ဂျာမနီနှင့်လည်းကောင်း ကစားရမည်ဖြစ်သည်။ အုပ်စု(က)တွင် အီကွေဒေါတို့ အုပ်စုမှတက်ရန် ရေပန်းမစားသော်လည်း လက်ရှိ ကမ္ဘာ့ဖလားချန်ပီယံ ဘရာဇီးကို အနိုင်ယူထားသည့် ခြေစွမ်းမှာ အထင်သေး၍ မရသည်ဖြစ်ရာ တောင်အမေရိက ထိပ်တန်းအသင်းကြီးများပင် လေးစားနေရသော အီကွေဒေါတို့ ခြေစွမ်းကို မကြာမီ တွေ့မြင်ကြရတော့မည် ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**



**၂၀၀၆ ကမ္ဘာ့ဖလား ပြိုင်ပွဲဝင် အီကွေဒေါ ဘောလုံးအသင်းအတွက် အားထားရမည့် ကွင်းလယ် ကစားသမားအက်ဒီဆင်မန်ဒက်ဇ်(ဝဲ)။**

(ဓာတ်ပုံ–အင်တာနက်)

---

**ကြိုးစား**

**ပရီမီယာလိဂ် ပွဲစဉ်(၃၅) အဖြစ် ဖူလ်ဟမ်နှင့် ဝီဂန်တို့ပွဲတွင် ဝီဂန်မှ ဂျေဆင်ရောဘတ်(ဝဲ)နှင့် ဖူလ်ဟမ်မှ ဇက်နိုက်တို့ ဘောလုံးရရှိရေး ကြိုးစားစဉ်။** (ဓာတ်ပုံ–အင်တာနက်)



# ပရီမီယာလိဂ် ပွဲစဉ်(၃၅) လက်ကျန်ပွဲ ဖူလ်ဟမ်ကဝီဂန်ကို အိမ်ကွင်း၌အနိုင်ရ

လန်ဒန် ဧပြီ ၂၅

**ပရီမီယာလိဂ်ပွဲစဉ် (၃၅)အဖြစ် ဖူလ်ဟမ်နှင့် ဝီဂန်တို့ ဧပြီ၂၄ရက်က ယှဉ်ပြိုင်ကစားရာ ဖူလ်ဟမ်တို့ တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သဖြင့် တန်းစီဇယား၌ အဆင့်၁၄သို့ တက်ရောက်လာနိုင်ခဲ့သည်။**

ယခုနှစ်ဘောလုံးရာသီ၌ ဖူလ်ဟမ်တို့ အဝေးကွင်း ၁၇ ပွဲကစားပြီးချိန်၌ တစ်ပွဲမျှ နိုင်ပွဲမရရှိသေးသော်လည်း အိမ်ကွင်း၌ နိုင်ပွဲ ၁၂ပွဲအထိ ရရှိအောင် ကစားနိုင်သည့်အသင်း ဖြစ်သည်။

### ခက်ခက်ခဲခဲကစား

ဖူလ်ဟမ်တိုက်စစ်မှူးများဖြစ်သည့် မက်ဘရစ်၊ ဟယ်ဂူဆန်၊ မိုတေ၊ စဂီတို့က ဂိုးသွင်းစွမ်းရည်မြင့်မားကြသလို တစ်ဖက်နောက်တန်းကို အချိန်ပြည့် ခြိမ်းခြောက်နိုင်သူများဖြစ်သည်။ ယခုပွဲ၌ အိမ်ကွင်းတွင် ကစားရသည့်အခါ ဧည့်သည် ဝီဂန်ကို ခက်ခက်ခဲခဲကစားပြီးမှ အနိုင်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

### အဖွင့်ဂိုးရရှိ

ဖူလ်ဟမ်တို့ ဝီဂန်၏ တိုက်စစ်ကို ဟန့်တားရင်း ပွဲချိန် ၄၅ မိနစ်တွင် ဖူလ်ဟမ်တိုက်စစ်မှူး စဂီက ဝီဂန်ဂိုးဧရိယာအတွင်း ပယ်နယ်တီအမှတ်အသားအနီးမှ ဘယ်ခြေဖြင့် ကန်သွင်းယူလိုက်သဖြင့် အဖွင့်ဂိုးရရှိခဲ့သည်။

### ချေပဂိုးမသွင်းနိုင်

ဝီဂန်တို့ ပထမပိုင်းတွင် ဖူလ်ဟမ်ကို တိုက်စစ်ဆင်ကစားနိုင်သော်လည်း နောက်ပိုင်းကစားအားကျသလို ဖြစ်သွားခဲ့သည်။ သို့သော် ဝီဂန်တိုက်စစ်မှူးများဖြစ်သည့် ရောဘတ်စ်၊ မက်ကလော့၊ ကာမာရာ၊ ဂါရီတေလီတို့၏ ကန်သွင်းချက်မပိုင်နိုင်မှုကြောင့် ချေပဂိုးမသွင်းနိုင်ဘဲ ရှိခဲ့သည်။

### ရှုံးနိမ့်ခဲ့

ပွဲချိန် ၇၂ မိနစ်တွင် ဟယ်ဂူဆန်အစား ရက်စ်ဇင်စကီ၊ အီလော့တ်အစား ခရစ်တင်းဗယ်တို့ကို ဖူလ်ဟမ်တို့အစားထိုးခဲ့သော်လည်း ဂိုးထပ်မံမသွင်းနိုင်ဘဲရှိခဲ့ရသည်။ ဝီဂန်တို့က ၈၇ မိနစ်တွင် တေလီအစား ကွန်လိုနီ အစားထိုးကစားစေခဲ့သော်လည်း ချေပဂိုးမသွင်းနိုင်ခဲ့သဖြင့် တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

### စုစည်းညီညွတ်မှု

ဖူလ်ဟမ်အသင်းအတွက် အင်တိုက်အားတိုက် ကစားခဲ့သည့် ပါပါဘောဘာ၊ လူးဝစ်ဘိုအာမိုတေ၊ တိုမက်စ်နှင့် မက်ဘရစ်တို့ အဝါကတ်ပြသတိပေးခဲ့ရသည်။ ဖူလ်ဟမ်အသင်း ဝီဂန်ကိုအနိုင်ရခြင်းမှာ ခြေစွမ်းထက်မြက်ခြင်းကြောင့်မဟုတ်ဘဲ စုစည်းညီညွတ်မှုကြောင့် ဖြစ်ကြောင်း သိရသည်။

### ရှုံးပွဲကြုံတွေ့ရ

ဝီဂန်တို့ ယခုပွဲ ရှုံးပွဲကြုံခဲ့ရသဖြင့် အဝေးကွင်း ရှစ်ပွဲမြောက် ရှုံးနိမ့်ရခြင်းဖြစ်သည်။ ဝီဂန်တို့ တိုက်စစ်အားကောင်းသော်လည်း ခံစစ်ပိုင်းတွင် အားနည်းနေဆဲပင်ဖြစ်သဖြင့် ၎င်းအချက်ကို မပြုပြင်နိုင်ခဲ့၍ ရှုံးပွဲကြုံတွေ့ရခြင်းဖြစ်သည်။ **(အင်တာနက်)**

## စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေး စာအုပ်များ မှတ်တမ်းတင်ရေးနှင့်အလှူခံရေး သီပေါ၌ စည်းရုံးဆောင်ရွက်

သီပေါ မေ ၁၀

**ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းသည် ကျောက်မဲခရိုင်ဦးစီးအရာရှိ ဦးမောင်ကိုနှင့် တာဝန်ရှိသူများလိုက်ပါလျက် စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မေ ၄ ရက် နံနက်က သီပေါမြို့နယ် မန်ဟဲကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာအလင်း စာကြည့်တိုက်ဖွင့်လှစ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။**

ထို့နောက် သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်နှင့် မန်ဟဲကျေးရွာစာကြည့်တိုက်ကော်မတီ အတွင်းရေးမှူး ဒေါ်မော်မော်ထွန်းတို့က စာကြည့်တိုက် တိုးတက်မှုအခြေအနေများ၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ စာအုပ်များ လှူဒါန်းမှုအခြေအနေများကိုတင်ပြကြရာ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းက စာကြည့်တိုက်များ ပိုမိုအောင်မြင်ရေးအတွက် စာကြည့်တိုက်ရှိ စာအုပ်များ စနစ်တကျ မှတ်တမ်းတင်ထားရှိရေး၊ စာအုပ်များ တိုးပွားစေရန် အလှူရှင်များထံမှ စာအုပ်များ အလှူခံရေး၊ ကျေးလက်နေ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် ငှားရမ်းဖတ်ရှုနိုင်ရန် စည်းရုံးဆောင်ရွက်ရေး၊ နေ့စဉ်ထုတ်သတင်းစာများ ကျေးလက်သို့ အချိန်နှင့်တစ်ပြေးညီ ရောက်ရှိရေးနှင့် ကျေးလက်စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုး တိုးတက်စေရေးအတွက် နည်းလမ်းများကို ဆွေးနွေးမှာကြားကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**



**ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်၊ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်ဦး၊ ဦးစီးအရာရှိ ဒေါ်ခင်အေးဝင်းနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ညောင်တုန်းမြို့မဈေး သန့်ရှင်းသာယာလှပရေးအတွက် မေ ၂၀ ရက်က ရေမြောင်းများတူးဖော်ခြင်းနှင့် အမှိုက်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြစဉ်။** (၀၉၈)



**ချင်းပြည်နယ် ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခြစည်းရိုးကြက်ဆူပင် ၂၇၆၀၀ ပျိုးထောင်ရှင်သန်မှုကို မေ ၁၂ ရက်က ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတမ်အောင်က ရှင်းလင်းပြသစဉ်။** (နယ်စပ်/စည်ပင်)

## အမြို့မြို့ အနယ်နယ် သတင်းများ

## ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေး အသိပညာပေးဆွေးနွေးပွဲ နွားထိုးကြီး၌ကျင်းပ

နွားထိုးကြီး မေ ၁၂

**နွားထိုးကြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ် တိုက်ဖျက်ရေးလုပ်ငန်းများ အသိပညာပေးဆွေးနွေးပွဲကို မေ ၂ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရေးဦးစွာ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးထွန်းထွန်းလင်းက အဖွင့်အမှာ စကားပြောကြားပြီး မြင်းခြံခရိုင် ခုခံအား ကျဆင်းမှု ကူးစက်ရောဂါ၊ ကာလသားရောဂါတိုက်ဖျက်ရေး အဖွဲ့ ခေါင်းဆောင် ဒေါက်တာ စိုးလွင်က ခုခံအား ကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ အကြောင်း သိကောင်းစရာများ အသိပညာပေးဆွေးနွေးကြသည်။

ဆက်လက်၍တက်ရောက်လာကြသော ပုဂ္ဂိုလ်များက အဆိုပါရောဂါနှင့်ပတ်သက်၍ ဆွေးနွေးခြင်းကို ဒေါက်တာစိုးလွင်က ပြန်လည်ရှင်းလင်းပြောကြားသည်။ (၂၁၃)



## ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲအခမ်းအနား ဟုမ္မလင်းမြို့၌ကျင်းပ

**ဟုမ္မလင်း မေ ၅**

စစ်ကိုင်းတိုင်း ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ်တွင် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲ အခမ်းအနားကို မတ် ၂၄ ရက်နံနက် ၁၁နာရီက ဟုမ္မလင်းမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

### ဟောပြောဆွေးနွေး

ရေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ကြည်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာစိန်ပိုက ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနှင့် ပတ်သက်သော တီဘီရောဂါကင်းစင်ဖို့ အားလုံးပါဝင်ဆောင်ရွက်စို့ အကြောင်းကို အကျယ်တဝင့် ဟောပြောဆွေးနွေးသည်။

### တက်ရောက်

အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အခြားဖိတ်ကြားထားသော ပုဂ္ဂိုလ်များ စုစုပေါင်းအင်အား ၁၅၀ ကျော်တက်ရောက်ကြကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## စက်ချုပ်သင်တန်းဆင်းပွဲ အုတ်တွင်းမြို့၌ကျင်းပ

**အုတ်တွင်း မေ ၁၆**

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကြီးကြပ်ဖွင့်လှစ်သော စက်ချုပ်သင်တန်း(၁/၂၀၀၆) သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၁၀ ရက် နံနက်ပိုင်းက မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ ကျင်းပသည်။

### အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အုံးမြင့်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်ဆွေဦးတို့က သင်တန်းဆင်း အမှာစကားပြောကြားကြပြီး မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြင့်က သင်တန်း ဆင်းလက်မှတ်များ ပေးအပ်သည်။ **(အပေါ်ပုံ)**

### တက်ရောက်

အဆိုပါ သင်တန်းကို မတ် ၁၀ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး မြို့ပေါ်ရပ်ကွက် (၆)ရပ်ကွက်မှ သင်တန်းသူ ၂၁ဦး တက်ရောက်ကြသည်။

**(၃၁၆)**

## အလှူရှင်စက်ရေတွင်းစက်ကြွဲခိုင်မှု

**မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တူးဖော်ခဲ့သော ပဒ္ဒတတ္တိုင်းကျေးရွာ အလှူရှင်စက်ရေတွင်း စက်ကြွဲခိုင်မှု၊ မောင်းနှင်အသုံးပြုမှုနှင့် ရေထွက်နှုန်းတို့ကို မတ် ၂၄ ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသူရကျော် ကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ် စည်ပင်)



**မန္တလေးအောင်မြေသာစံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေး ပညာပေး ဟောပြောပွဲကို မတ် ၂၅ ရက်က ပြည်ကြီးကျက်သရေဆောင် အနောက်ရပ်ကွက်ရုံးတွင် ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီသောင်းက ဟောပြောစဉ်။** (၁၆၂)



## ဝေရတ်စာကြည့်တိုက်အတွက် ရုပ်မြင်သံကြားပြစက်နှင့် ရေဒီယိုကက်ဆက်လှူဒါန်း ရေရှည်တည်တံ့ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မှတ်ပုံတင်ရန်ရှင်းလင်း

**အမရပူရ မေ ၇**

အမရပူရမြို့ ရှမ်းကလေးကျွန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး ဝေရတ် စာကြည့်တိုက်တွင် အသုံးပြုရန်အတွက် ရုပ်မြင်သံကြားပြစက်၊ ရေဒီယိုကက်ဆက်၊ ဗီရိုနှင့် စာအုပ်စာစောင်လှူဒါန်းပွဲအခမ်းအနားကို မတ် ၂၃ရက်နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက်ခန်းမတွင် ကျင်းပသည်။

### လက်ခံရယူ

ရေးဦးစွာကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ရုပ်မြင်သံကြားပြစက်တစ်လုံးကို ညွှန်ကြားရေးမှူး ဦးမောင်ဖေက လက်ခံရယူပြီး ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ရေဒီယိုကက်ဆက်တစ်လုံးကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်သန်းထွန်းက လက်ခံရယူ၍ ရှမ်းကလေးကျွန်းကျေးရွာနေ ဦးကိုကြီး-ဒေါ်လွင်မိသားစုနှင့် ဦးကျော်ဆန်းဝင်းမိသားစုက လှူဒါန်းသော စာအုပ်များကို ခရိုင်ဦးစီးမှူး ဦးမျိုးမြင့်က လက်ခံရယူကာ အမရပူရမြို့နယ် မြစ်ငယ်မြို့နေ ဦးမြင့်ဝေမိသားစုက လှူဒါန်းသော စာအုပ်ဗီရိုတစ်လုံးကို စာကြည့်တိုက်မှူး ဦးသောင်းနိုင်စိုးက လက်ခံရယူသည်။

### ရှင်းလင်းပြောကြား

ဆက်လက်ပြီး ညွှန်ကြားရေးမှူး ဦးမောင်ဖေက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် စာကြည့်တိုက်မှတ်ပုံတင်ရန် အကြောင်းရင်းများကို ရှင်းလင်းပြောကြားပြီး တိုင်းဦးစီးမှူး ဦးကျော်သန်းထွန်းက စာကြည့်တိုက်တိုးတက်ဖွံ့ဖြိုးရေးအတွက် ကျေးရွာမှ ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန်ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**



ရန်ကုန်မြို့ လသာ မြို့နယ် အမှတ် (၉၂) ဗိုလ် ရွဲ လမ်းနေ အဘိုး ဦးချူ လင်းအား ရည်စူး၍ အဘွား ဒေါ် ရှု ကြောင်အား ဦးထိပ်ထား ပြီး ဦးငွေးဝင်းလင်း (ခ) ဦး ဝင်း ဟုတ်-ဒေါ် ခင် မိုးလွင် တို့ကို အမှူးထား၍ သမီး မမေ ဇင်မိုး၊ သား မောင်ချစ်ရအောင် မိသားစုတို့က ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ ရွှေကျောင်းတိုက် မြန်အောင် သမ္မုဒ္ဒေဘုရား စေတီရံတစ်ဆူအတွက် အလှူငွေကျပ် တစ်သိန်း ဆက်ကပ်လှူဒါန်းရာ သာသနာပြု ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

# ဘုတလင်၌ ကျေးရွာစာကြည့်တိုက်များဖွင့်လှစ် အလှူငွေ၊ စာအုပ်နှင့် ဝတ်စုံများပေးအပ်လှူဒါန်း

ဘုတလင် ဧပြီ ၅

**ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကျေးလက်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ အလှူငွေ၊ စာအုပ်၊ စာစောင်များနှင့် ဝတ်စုံများပေးအပ်လှူဒါန်းပွဲကို မတ် ၂၆ ရက် နံနက် ၉ နာရီက ဘုတလင် မြို့နယ် ကျောက်အိုး ရွာသုံးရွာတွင် ကျင်းပသည်။**

အခမ်းအနားတွင် ကျောက်အိုး (အရှေ့ရွာ)တွင် ပညာရွှေအိုးစာကြည့်တိုက်ကို ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်ဝင်းနှင့် စာကြည့်တိုက် နာယက ဦးစိုးမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ကျောက်အိုး(တောင်ရွာ)တွင် အေးစမ်းသီတာ စာကြည့်တိုက်ကို ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမြင့်၊ မြို့နယ်ဦးစီးမှူး ဦးတင်အောင်ဝင်းနှင့် စာကြည့်တိုက်နာယက ဦးသောင်းငွေတို့က ဖဲကြိုး ဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက်ကျောက်အိုး (မြောက်ရွာ)တွင် သီရိရတနာ စာကြည့်တိုက်ကို မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက် ရေးအသင်းဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်၊ မြို့နယ်ဦးစီးမှူးနှင့် စာကြည့်တိုက်နာယကဦးမြင့်ဆွေတို့က ဖွင့်လှစ်ပေးပြီး**(အောက်ဝဲပုံ)** စာကြည့်တိုက်သုံးတိုက်အတွက် အလှူငွေ၊ စာအုပ်နှင့် ဝတ်စုံတို့ကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ စာကြည့်တိုက် သုံးတိုက်အတွက် အလှူငွေ၊ စာအုပ်၊ ဝတ်စုံ လှူဒါန်းပွဲတွင် အလှူငွေကျပ် ၅၀၀၀စီနှင့် သုတရသမဂ္ဂဇင်း စာစောင် ၅၅ အုပ်စီနှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဝတ်စုံသုံးစုံစီ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကော်မတီဝင်များက လက်ခံရယူကြသည်။ **(မြို့နယ် ပြန်/ဆက်)**



**မြန်မာနိုင်ငံရဲတပ်ဖွဲ့ တနင်္သာရီတိုင်း ကော့သောင်းခရိုင် ရဲတပ်ဖွဲ့ ၂၀၀၆ ခုနှစ် ခရိုင်အဆင့် စံပြရဲ ရဲကျင့်ဝတ်ရေးဖြေစာမေးပွဲကို ဧပြီ ၈ ရက်က ကော့သောင်းမြို့ ဟံသာဝတီခန်းမတွင် ကျင်းပရာ ခရိုင် ရဲတပ်ဖွဲ့ ခရိုင်ရဲမှူး မြင့်သိန်းနှင့် မြို့နယ် ရဲတပ်ဖွဲ့ ရဲမှူး စိန်ရိုးတို့ ကြီးကြပ်ပေးစဉ်။** (၃၈၉)



# ရှေးဦးသူနာပြုအခြေခံအဆင့်သင်တန်းဆင်း

မိုးကောင်း ဧပြီ ၄

**မိုးကောင်းမြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူး ဖွင့်လှစ်သည့် ရှေးဦးသူနာ ပြုစုခြင်း အခြေခံအဆင့်သင်တန်း အမှတ်စဉ် (၁/၂၀၀၆) ဆင်းပွဲကို မတ် ၂၀ ရက် နံနက် ၁၀ နာရီခွဲက ဆားမှော်ကျေးရွာအုပ်စု အခြေခံပညာ အထက်တန်းကျောင်း မြတ်လေး ခန်းမ၌ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးသန်းစိန်၊ မြို့နယ်ကြက်ခြေနီ တပ်ရင်းမှူး မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဇော်ဝင်းနှင့် မြို့နယ်ကြက်ခြေနီ အသင်းဥက္ကဋ္ဌ မြို့နယ် ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ စိန်လင်းတို့က အမှာစကား ပြောကြားကြသည်။**

**ထို့နောက် သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းထူးချွန်ဆုများကို တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ကြသည်။ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၁၅ ဦး တက်ရောက်ကြကြောင်း သိရသည်။** (၄၁၆)

# ရမည်းသင်းမြို့ မစျေး၌ အသားငါးရောင်းချမှု သန့်ရှင်းရေးစစ်ဆေး

**ရမည်းသင်း ဧပြီ ၁**

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းဝင်း၊ ခရိုင်တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးအေးရွှေ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးကာလိုရှား၊ ဒုတိယ ဦးစီးမှူး(စျေး) ဦးမျိုးထွန်းနှင့် စျေး အကျိုးဆောင်များ အဖွဲ့သည် မတ် ၁၇ ရက်က မြို့မစျေးကြီးအတွင်းသို့ အသားငါး ရောင်းချနေမှုကို လိုက်လံစစ်ဆေး၍၊ ကျန်းမာရေးနှင့် ညီညွတ်၍ သန့်ရှင်း လတ်ဆတ်သော အသားငါးများစနစ်တကျ ရောင်းချစေရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် ယင်လုံဆန်ခါများဖြင့် ဖုံးအုပ်ရောင်းချရေးများကို ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ကြကြောင်း သိရသည်။ **(က-ပ)**

**ရှားတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ ဆောင်ရွက်ထားရှိသော ခြံစည်းရိုးပျိုးဥယျာဉ်၌စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပျိုးထောင်ထားရှိမှု အခြေအနေကို မတ် ၁၆ ရက်က အမှုဆောင်အရာရှိ ဦးအောင်စိုးဦး ကြည့်ရှုစစ်ဆေးစဉ်။**

(နယ်စပ်/စည်ပင်)



# မြန်မာ့အသံ

၂၇-၄-၂၀၀၆

**(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ခန္ဓသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (တောင်ဒဂုံစက်မှုဇုန်၏ သဘာဝသကြားအခြေခံ အချိုရည်ထုတ်လုပ်မှုအကြောင်း)

၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁)ကမ္ဘာ့အံ့ဖွယ်မှတ်တမ်းများ (မောင်သိန်းလွင်ပြန်ဆိုသည်)
(၂)စာပေရေးသားခြင်း၊ ဖြန့်ချိခြင်းဖြင့်အသရေဖျက်ခြင်းဆိုင်ရာဥပဒေ (ဦးကျော်ဇေယျ)

၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (ကျန်းမာရေးအတွက် ရေသန့်သန့်သောက်သုံးနိုင်ဖို့-မောင်ဆုရှင်)

၁၂း၃၀ ခံတွင်းမြိန်စရာသူ့လက်ရာ (ဇီးကုန်းကော်ပြန့်)

**ညနေပိုင်း**

၁၆း၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၁၅ ထူးဆန်းထွေလာ သတင်းပဒေသာ

၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)

၁၉း၁၅ ဇာတ်လမ်းပမာနားဆင်စရာ (တိမ်စင်သည့်လ)

# အသိပညာဗဟုသုတ တိုးပွားစေရေး ရည်ရွယ် ဟိုပင်၌ နယ်လှည့်စာကြည့်တိုက်ဖွင့်

**ဟိုပင် ဧပြီ ၁၀**

ကချင်ပြည်နယ် ဟိုပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် မတ် ၂၈ ရက် နံနက်ပိုင်းက ဟိုပင်မြို့နယ် ခုနစ်မိုင်ကျေးရွာ အလင်းသစ် စာကြည့်တိုက်၌ နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပြီး ဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ ခုနစ်မိုင်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြတင်က စာပေအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ ရပ/သံ ကျွမ်းကျင်(၃) ဦးအောင်အောင်ထွေးက အလိမ္မာစာမှာရှိခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**ချင်းပြည်နယ် ကျီခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ထောက်ပံ့ငွေကျပ်သိန်း ၃၀ ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော တောင်ဇလပ်ကျောက်ချောလမ်းဖွင့်ပွဲကို မတ် ၂၅ရက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ဖုံနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ ဦးဝုန်ပြင်းထန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (နယ်စပ်/စည်ပင်)



# ရွှေမင်းဝံလမ်း ကတ္တရာလမ်းခင်း

**ကောလင်း ဧပြီ ၆**

ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်နိုင်သည် မတ်လအတွင်း ကောလင်းမြို့ ရွှေမင်းဝံလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းကြပ်မတ်၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီး ကတ္တရာလမ်းခင်းရန်အတွက် လိုအပ်သောကျောက်များကို စည်ပင်သာယာရေးအဖွဲ့ပိုင် ကျောက်ခွဲစက်ဖြင့် ခွဲစိတ်ခြင်း၊ လမ်းဘေးဝဲယာ ရေနုတ်မြောင်း တူးဖော်ခြင်းနှင့် မြေသား ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ကြသည်။ **(၀၂၆)**

**ဆင်ပေါင်ဝဲမြို့နယ် စီပင်သာကျေးရွာ၌ နှစ်လက်မ စက်ရေတွင်းဖွင့်ပွဲကို မတ် ၁၅ရက်က ကျင်းပရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနီနှင့် အမှုဆောင်အရာရှိ ဦးအောင်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (နယ်စပ်/စည်ပင်)











## သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်ဇော်လင်းထွန်း ၁၂/မရက(နိုင်)၁၃၆၃၇၀ သည် မိဘမောင်နှမများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး မိမိသဘောဆန္ဒအရ နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ပါသည်။ နောင်ဖြစ်လာမည့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူမည်မဟုတ်ပါ။

**မိခင်–ဒေါ်ခင်အုန်းလွင်။**

## မိဘအမည်မှန်

မောင်ရာဇာစိုး၏ မိဘအမည်မှန်မှာ ဦးစိုးညွန့်–ဒေါ်ကြည်ကြည်မြင့် ဖြစ်ပါကြောင်း။

**ဦးစိုးညွန့်–ဒေါ်ကြည်ကြည်မြင့်။**

## အမည်ပြောင်း

အထက (၃) အင်းစိန် နဝမတန်း (C) မှ မောင်ရာဇာစိုးမြင့်လေးအား ရာဇာစိုးဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ရာဇာစိုး။**

## ပျော်ဘွယ်၌ အမျိုးသမီးများ စက်ချုပ်သင်တန်းဖွင့်

ပျော်ဘွယ် ဧပြီ ၁၂

**ပျော်ဘွယ်မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်းဖွင့်လှစ်သော နွေဦးအားမာန် အမျိုးသမီးများ စက်ချုပ်ဇာထိုး၊ ပန်းထိုးနှင့်မုန့်မျိုးစုံ လုပ်နည်းသင်တန်းဖွင့်ပွဲကို ဧပြီ ၁ရက် နံနက် ၉နာရီက အသင်းခန်းမဆောင်၌ကျင်းပသည်။**

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးခင်ကြည်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းဝင်း၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကျင်မြနှင့် အသင်းဝင်များ၊ ရပ်ကွက်များမှ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်က အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်ကျင်မြက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။ သင်တန်းသို့ ရပ်ကွက်များမှ သင်တန်းသူ ၃၅ ဦး တက်ရောက်ကြပြီး **(ယာပုံ)** သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(၂၅၀)**



**ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ကြီးအောင် ပန်းခြံအတွင်းရှိ ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်တွင် မတ် ၂၀ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူ ကြီးကြပ်၍ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။** (မြို့နယ် စည်ပင်)



## ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

## (၇၇)ကြိမ်မြောက် သွေးလှူဒါန်း



ရန်ကုန် ဧပြီ ၂၅

အမှတ်(၁၇) အခြေခံပညာမူလတန်းလွန်ကျောင်း သဃ်န်းကျွန်းမြို့နယ်အလယ်တန်းပြဆရာမ ဒေါ်မော်မော်ဦး (လူမှုထူးချွန် ဒုတိယဆင့်) **(အပေါ်ပုံ)**သည် ဧပြီ ၁၇ ရက်က ဗဟိုအမျိုးသား သွေးလှူဘဏ်တွင် (၇၇) ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က–ပ)**

## အင်္ဂပူမြို့နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပညာသင်ဆုပေးအပ်၊ ရည်ရွယ်ချက်ရှင်းလင်း

အင်္ဂပူ ဧပြီ ၁၀

**အင်္ဂပူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပညာသင်ဆုပေးပွဲ အခမ်းအနားကို မတ် ၃၁ရက် နံနက် ၁၀နာရီက အဆိုပါ အသင်းရုံးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသစ်လွင်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြတ်စိုးက ပညာသင်ဆုပေးအပ်သည့် ရည်ရွယ်ချက်နှင့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။**

အခမ်းအနားတွင် မြို့နယ်အတွင်းမှ ဆေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် အသက်မွေးဝမ်းကျောင်း ပညာတက္ကသိုလ်များသို့ တက်ရောက်၍ အဆင့်မြင့်ပညာသင်ကြားနေသူ ကျောင်းသား ကျောင်းသူ ၁၀ ဦးတို့အား မြို့နယ်ဥက္ကဋ္ဌ ဦးသစ်လွင်နှင့် မြို့နယ်အသင်းအတွင်းရေးမှူး ဦးမြတ်စိုးတို့က ပညာသင်ဆုများကို တစ်ဦးချင်းပေးအပ်သည်။

အဆိုပါမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ပညာသင်ဆုကို လစဉ် ငွေကျပ် ၁၈၀၀၀၀ဖြင့် ပညာသင်နှစ်ဆုံးသည့်တိုင်အောင် ပေးအပ်သွားမည် ဖြစ်သည်။ **(၁၃၁)**

**မြင်းခြံမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့ပူးပေါင်းဆောင်ရွက်သော မြင်းခြံမြို့နယ် ကွမ်းစိုက်ကျေးရွာ၊ ရွာစည်ကျေးရွာ၊ အနိမ့်ကျေးရွာနှင့် တန်ဆောင်းကျေးရွာများတွင် အများပြည်သူသုံးတယ်လီဖုန်းများ တပ်ဆင်ဖွင့်လှစ်ပွဲ အခမ်းအနားကို မတ် ၁၉ ရက်က တန်ဆောင်းကျေးရွာတွင်ကျင်းပရာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးမိုးဇော်နှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ ဒေါ်အေးချမ်းသွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**

(၄၀၂)

## ညောင်ရွှေမြို့၌ — — — — ကျန်းမာရေးပညာပေး — — — — တီဘီရောဂါစစ်ဆေး

**ညောင်ရွှေ ဧပြီ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ၂၀၀၆ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မတ် ၂၄ရက် နံနက် ၁၀နာရီက မြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်ဖြူဖြူရှိန်တို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများက ကျန်းမာရေးပညာပေး ဟောပြောခြင်းနှင့် မိသားစုဝင်များအား တီဘီရောဂါရှိ မရှိ စစ်ဆေးကြသည်။ **(၀၂၇)**





ရေဝတီတိုင်း မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာအနီးတွင် မမြချောင်းကိုပိတ်၍ တည်ဆောက်လျက်ရှိသည့် မမြရေလှောင်တမံစီမံကိန်း၌ ပါဝင်သည့် သံကူကွန်ကရစ် ရေထုတ်ပြွန် တည်ဆောက်ပြီးစီးမှုနှင့် ရေထိန်းမျှော်စင်ကို မေ ၆ ရက်က ဤသို့ ခံ့ထည်စွာ တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဂုဏ်ပြုပူဇော်ပွဲကျင်းပ

**ရန်ကုန် မေ ၂၅**

ကျိုင်းတုံမြို့ သာသနာ့ဗိမာန်၌ မေ ၂၂ ရက် ညနေ ၄ နာရီက ကျင်းပသော ရှမ်းပြည်နယ်(အရှေ့ပိုင်း) သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဂုဏဝိသိဋ္ဌဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့ တက်ရောက်ကြည်ညိုပြီး ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကာ ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

*စာမျက်နှာ ၈ ကော်လံ ၄* ✡

# ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုမည့် မမြရေလှောင်တမံ စီမံကိန်း စိုက်ပျိုးရေရရှိရေး၊ ရေဘေးကာကွယ်ရေးနှင့် ရေအားလျှပ်စစ် ဖြန့်ဖြူးထုတ်လုပ်နိုင်မည်

ကွင်းဆင်းလေ့လာရေးသားသူ-ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

**ရန်ကုန် မေ ၂၅**

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်း တိုးတက်ဖြစ်ထွန်းခြင်းသည် နိုင်ငံ့စီးပွားရေးဘဝကို တိုးပွားခိုင်မာစေသည်သာမက၊ နိုင်ငံတော်၏ လူဦးရေအများစုကြီးဖြစ်သည့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝကိုပါ မြှင့်တင်ပေးရာရောက်သည့်အတွက် စိုက်ပျိုးရေး၏ အခြေခံလိုအပ်ချက်များဖြစ်သော ဆည်မြောင်းတာတမံများကို နိုင်ငံတော်အစိုးရက အလေးထားဖြည့်ဆည်းတည်ဆောက်ပေးလျက်ရှိသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ●

**နေပြည်တော်မြို့တော် မိုးလေဝသအခြေအနေ**

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (မေ ၂၆ ရက်) ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန် ရာနှုန်း ၄၀ ဖြစ်သည်။




**ပဥ္စမအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၆ ၌ MMG ပြခန်းတွင် ခင်းကျင်းပြသမည့် Video Conferencing ပစ္စည်းများကို တွေ့ရစဉ်။**

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

# လူငယ်ထုအတွင်း ကျယ်ပြန့်စွာအသုံးပြုနိုင်ရေး ပဥ္စမအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၆ အိုင်တီနည်းပညာပစ္စည်းများ ထူးခြားစွာခင်းကျင်းပြသမည်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် မေ ၂၅**

ပဥ္စမအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၆ကို မကြာမီ ကျင်းပတော့မည်ဖြစ်သည်။ အချိန်နှင့်အမျှ တိုးတက်ဖြစ်ထွန်းနေသော အိုင်တီနည်းပညာများနှင့် နောက်ဆုံးပေါ် အိုင်တီနည်းပညာသုံးပစ္စည်းများကို ပြည်သူတို့ လေ့လာကြည့်ရှုနိုင်ကြမည်ဖြစ်သည်။

*စာမျက်နှာ ၆ ကော်လံ ၁* ■

26-4 (20).p65 1 1/8/32, 1:17 PM